မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

**အမှတ် ၄၆ ]** ရန်ကုန်မြို့ { ၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက် ( ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက် ) } **သောကြာနေ့ [ အတွဲ ၆၆**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**(အမိန့်အမှတ် ၄၆/၂၀၁၃)**

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်

( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက် )

**ရခိုင်ပြည်နယ် တရားလွှတ်တော်တရားသူကြီးရာထူးမှ နုတ်ထွက်ခွင့်ပြုခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၁၂၊ ပုဒ်မခွဲ (က) နှင့် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၄၉၊ ပုဒ်မခွဲ (က) တို့ပါ ပြဋ္ဌာန်းချက်များအရ ရခိုင်ပြည်နယ် တရားလွှတ်တော်တရားသူကြီး ဒေါ်စီစီအား ၎င်း၏သဘောဆန္ဒအလျောက် ရာထူးမှ နုတ်ထွက်ခွင့် ပြုလိုက်သည်။

(ပုံ) သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**(အမိန့်အမှတ် ၄၇/၂၀၁၃)**

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်

( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက် )

**မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌရာထူးမှ နုတ်ထွက်ခွင့်ပြုခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ဂ) ပါ ပြဋ္ဌာန်းချက်အရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒါရိုက်တာအဖွဲ့ဝင် ဒုတိယဥက္ကဋ္ဌ ဦးသန်းညိန်းအား ၎င်း၏ သဘောဆန္ဒအလျောက် ရာထူးမှနုတ်ထွက်ခွင့်ပြုလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၆၇/၂၀၁၃)**

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၄ ရက်

( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက် )

**ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီ**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ပညာရေးမြှင့်တင်မှုလုပ်ငန်းများကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်ပါသည် -

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>သမ္မတရုံးဝန်ကြီးဌာန (၅) | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဃ) | ဦးညီလှငယ် | အဖွဲ့ဝင် |
| (င) | ဦးအောင်မျိုးမင်း | အဖွဲ့ဝင် |
| (စ) | ဦးသန်းဦး | အဖွဲ့ဝင် |
| (ဆ) | ဒေါက်တာမြင့်ကြည် | အဖွဲ့ဝင် |
| (ဇ) | ဦးစိုင်းအောင်ထွန်း | အဖွဲ့ဝင် |

(ဈ) ဒေါက်တာသိမ်းမြင့် အဖွဲ့ဝင်

(ည) ဦးတင်ညို အဖွဲ့ဝင်

(ဋ) ဒေါက်တာသာလှရွှေ အဖွဲ့ဝင်

(ဌ) ဦးလူနီ အဖွဲ့ဝင်

(ဍ) ဦးစိုးညွန့် အဖွဲ့ဝင်

(ဎ) ဒေါက်တာမြင့်သိန်း အဖွဲ့ဝင်

(ဏ) ဒေါက်တာခင်မာထွန်း အဖွဲ့ဝင်

(တ) ဦးထွန်းအောင်ချိန် အဖွဲ့ဝင်

(ထ) ဒေါက်တာဒေါ်သန်းနွဲ့ အဖွဲ့ဝင်

(ဒ) ဒေါက်တာသိန်းလွင် (ပါမောက္ခ-ငြိမ်း) အဖွဲ့ဝင်

(ဓ) ဦးတင်ထွဋ်ဦး အဖွဲ့ဝင်

(န) ဒေါက်တာအောင်ထွန်းသက် အဖွဲ့ဝင်

(ပ) ဒေါက်တာရင်ရင်နွယ် အဖွဲ့ဝင်

(ဖ) ဒေါက်တာဇော်ဦး အဖွဲ့ဝင်

(ဗ) ဒေါက်တာကျော်ရင်လှိုင် အဖွဲ့ဝင်

(ဘ) ဒေါက်တာတင်မောင်သန်း အဖွဲ့ဝင်

(မ) ဒုတိယဝန်ကြီး
ပညာရေးဝန်ကြီးဌာန အတွင်းရေးမှူး (၁)

(ယ) ဒုတိယဝန်ကြီး
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အတွင်းရေးမှူး (၂)

(ရ) ညွှန်ကြားရေးမှူးချုပ်
မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဦးစီးဌာန အတွင်းရေးမှူး (၃)

၂။ ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) မြန်မာ့အမျိုးသားပညာရေးကို နိုင်ငံတကာစံမီပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခြင်းကို ဖော်ဆောင်နိုင်သည့် ပညာရေးစနစ်ဖြစ်ပေါ်လာရေးအတွက် ချက်ချင်းချမှတ်ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် ရေရှည်ဆောင်ရွက်ရမည့်လုပ်ငန်းများ ခွဲခြားပြီး အကောင်အထည်ဖော်ရန်။

(ခ) တိုင်းရင်းသားအားလုံး၏ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်းစဉ်လာနှင့် မြန်မာ့တန်ဖိုးများ ပိုမိုအားကောင်းလာစေမည့် အရည်အသွေးမြင့်မားသော ပညာရေးစနစ်ဖြစ်ပေါ်လာရေး အကောင်အထည်ဖော်ရန်။

(ဂ) မြန်မာ့လူငယ်လူ့အဖွဲ့အစည်းအား အနာဂတ်ဒီမိုကရေစီနှင့် အံဝင်ခွင်ကျဖြစ်ပြီး နိုင်ငံကြီးသားပီသသူများ၊ ဗလငါးတန်ပြည့်ဝသူများ၊ တီထွင်ဖန်တီးနိုင်စွမ်းရှိသည့် မျိုးဆက်သစ်များ ဖြစ်ပေါ်လာစေရန် လေ့ကျင့်မွေးထုတ်နိုင်ရေး စီမံဆောင်ရွက်ရန်။

(ဃ) လက်ရှိနိုင်ငံတော်၏ ခေတ်သစ်၊ စနစ်သစ် ပြောင်းလဲမှုလုပ်ငန်းစဉ်များနှင့်အတူ ပညာရေးကဏ္ဍ လိုက်လျောညီထွေစွာ လိုက်ပါပြုပြင်ပြောင်းလဲနိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာန၊ အမျိုးသား

ပညာရေးကော်မတီနှင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ ပညာရေးနှင့်သက်ဆိုင်သည့် အဖွဲ့အစည်းများ၊ ပညာရှင်များနှင့် ဆွေးနွေးညှိနှိုင်း၍ ဦးစားပေးပြုပြင်ဆောင်ရွက်ရမည့် လုပ်ငန်းများ ရွေးချယ်ပြီး တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်ရန်။

(င) နည်းပညာနှင့်သက်မွေးပညာရေး၊ ကျောင်းပြင်ပပညာရေး၊ ပုဂ္ဂလိကပညာရေးကဏ္ဍများတွင် အစိုးရနှင့်ပုဂ္ဂလိက ပူးပေါင်းညှိနှိုင်း၍ လုပ်သားဈေးကွက်လိုအပ်ချက်များအား ဖြည့်ဆည်းပေးနိုင်မည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသင်တန်းများကို တိုးချဲ့ဖွင့်လှစ် အကောင်အထည်ဖော်သွားရန်။

(စ) ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်း (Comprehensive Education Sector Review - CESR) မှ ဦးစားပေးဆောင်ရွက်ရန် ထောက်ခံအကြံပြုချက်များအပေါ် ဦးစားပေးပြုပြင်ဆောင်ရွက်သင့်သည့် ကိစ္စရပ်များအားလည်းကောင်း၊ လက်ရှိအခြေအနေနှင့် ဆီလျော်မှုမရှိတော့သည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ပြင်ဆင်နိုင်ရေး တင်ပြအကောင်အထည်ဖော်ဆောင်ရွက်သွားရန်။

(ဆ) ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်း၏ ဦးစားပေးဆောင်ရွက်ရန် အကြံပြုထောက်ခံချက်များတွင် ပါရှိသည့် ပညာရေးမူဝါဒ၊ အမျိုးသားပညာရေးဥပဒေနှင့် အခြားဆက်စပ်ပြုစုရေးဆွဲရမည့်ဥပဒေများ၊ အခြေခံပညာရေး၊ ဆရာအတတ်သင်ပညာရေး၊ နည်းပညာနှင့်သက်မွေးပညာရေး၊ အဆင့်မြင့်ပညာရေးစနစ်ဖွဲ့စည်းပုံများနှင့် ပညာသင်ယူမှုအခွင့်အလမ်း၊ သင်ရိုးညွှန်းတမ်း၊ ပညာရေးအရည်အသွေးအာမခံချက်၊ အရည်အသွေးရှိသော စီမံခန့်ခွဲမှု စသည့်လုပ်ငန်းများအတွက် လိုအပ်သည့် လုပ်ငန်းအဖွဲ့ (Working Group) များ ဖွဲ့စည်းညှိနှိုင်း ရေးဆွဲအကောင်အထည်ဖော်သွားရန်။

(ဇ) ပညာရေးကဏ္ဍတွင် အားသာချက်များရှိသကဲ့သို့ အားနည်းချက်များ၊ ချို့ယွင်းချက်များ၊ ပြုပြင်ရမည့်အချက် များစွာရှိနေသဖြင့် မူဝါဒနှင့်လူပုဂ္ဂိုလ်များ ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ၊ သက်ဆိုင်သည့်ဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပြုပြင်သွားရန်။

(ဈ) ဤကော်မတီသည် ပညာရေးကဏ္ဍပြောင်းလဲတိုးတက်ရေးအတွက် နိုင်ငံတော်သမ္မတရုံးနှင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တိုက်ရိုက်တင်ပြအကောင်အထည်ဖော်နိုင်ရန် အထူးဖွဲ့စည်းထားသော ကော်မတီဖြစ်သည့်အားလျော်စွာ လုပ်ငန်းဆောင်ရွက်ရာ၌ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် မူလရှိပြီး ကော်မတီ၊ အဖွဲ့အစည်းများ၏ ပညာရေးကဏ္ဍရေရှည်စီမံကိန်းများနှင့် ဆောင်ရွက်ဆဲလုပ်ငန်းများ၊ ရေရှည်ဆောင်ရွက်ရမည့်လုပ်ငန်းများအား ပိုမိုသွက်လက်မြန်ဆန်ရေး ပူးပေါင်းညှိနှိုင်းအားဖြည့်ဆောင်ရွက်ပေးသွားရန်။

၃။ ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီ၏လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မိဘပြည်သူ၊ ဆရာ၊ ကျောင်းသား အပါအဝင် ပြည်သူ့သဘောထားဆန္ဒများအား ကျယ်ကျယ်ပြန့်ပြန့် ရယူညှိနှိုင်းဆွေးနွေး အကြံဉာဏ်ရယူဆောင်ရွက်ရန် လိုအပ်သည့်အလျောက် အစိုးရဌာနဆိုင်ရာများဖြင့် ဖွဲ့စည်းထားသည့် အထူးလုပ်ငန်းအဖွဲ့ (Task Force) နှင့် ပညာရှင်များဖြင့် ဖွဲ့စည်းထားသည့် အကြံပေးအဖွဲ့ (Advisory Board) များဖြင့် အားဖြည့်ဆောင်ရွက်နိုင်ရန် အောက်ပါအတိုင်း ဖွဲ့စည်းလိုက်ပါသည် -

(က) **အထူးလုပ်ငန်းအဖွဲ့ (Task Force)**

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |

| | | |
|---|---|---|
| (၃) ဒုတိယဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | | အဖွဲ့ဝင် |
| (၄) ဒုတိယဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | | အဖွဲ့ဝင် |
| (၅) ဒုတိယဝန်ကြီး<br>လယ်ယာစိုက်ပျိုးရေးနှင့်<br>ဆည်မြောင်းဝန်ကြီးဌာန | | အဖွဲ့ဝင် |
| (၆) ဒုတိယဝန်ကြီး<br>သာသနာရေးဝန်ကြီးဌာန | | အဖွဲ့ဝင် |
| (၇) ဒုတိယဝန်ကြီး<br>မွေးမြူရေး၊ ရေလုပ်ငန်းနှင့်<br>ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန | | အဖွဲ့ဝင် |
| (၈) ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | | အဖွဲ့ဝင် |
| (၉) ဒုတိယဝန်ကြီး<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | | အဖွဲ့ဝင် |
| (၁၀) ဒုတိယဝန်ကြီး<br>ယဉ်ကျေးမှုဝန်ကြီးဌာန | | အဖွဲ့ဝင် |
| (၁၁) ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးဝန်ကြီးဌာန | | အဖွဲ့ဝင် |
| (၁၂) ဒုတိယဝန်ကြီး<br>သမဝါယမဝန်ကြီးဌာန | | အဖွဲ့ဝင် |
| (၁၃) ဒုတိယဝန်ကြီး<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်<br>သစ်တောရေးရာဝန်ကြီးဌာန | | အဖွဲ့ဝင် |
| (၁၄) အဖွဲ့ဝင်<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ | | အဖွဲ့ဝင် |
| (၁၅) ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | | အဖွဲ့ဝင် |
| (၁၆) ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | | အဖွဲ့ဝင် |
| (၁၇) ဒုတိယပါမောက္ခချုပ်<br>ရန်ကုန်ပညာရေးတက္ကသိုလ် | မူကြိုပညာရေးဆိုင်ရာလုပ်ငန်း<br>အဖွဲ့ | အဖွဲ့ဝင် |
| (၁၈) ညွှန်ကြားရေးမှူး (စီမံကိန်း)<br>ပညာရေးစီမံကိန်းနှင့်<br>လေ့ကျင့်ရေးဦးစီးဌာန | ဘုန်းတော်ကြီးသင်ပညာရေးနှင့်<br>ပညာရေးလုပ်ငန်းဆောင်ရွက်သည့်<br>ဘာသာရေးအဖွဲ့အစည်းများဆိုင်ရာ<br>လုပ်ငန်းအဖွဲ့ | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (၁၉) | ဒုတိယညွှန်ကြားရေးမှူးချုပ် (ပညာ) အမှတ် (၁) အခြေခံပညာဦးစီးဌာန | အခြေခံပညာရေးဆိုင်ရာလုပ်ငန်း အဖွဲ့ | အဖွဲ့ဝင် |
| (၂၀) | ညွှန်ကြားရေးမှူး (ပြည်တွင်းသင်တန်း) ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန | ဆရာအတတ်သင်ပညာရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ | အဖွဲ့ဝင် |
| (၂၁) | လက်ထောက်ညွှန်ကြားရေးမှူး ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန | ကလေးဗဟိုပြု ချဉ်းကပ်သင်ယူနည်း ဆိုင်ရာ လုပ်ငန်းအဖွဲ့ | အဖွဲ့ဝင် |
| (၂၂) | လက်ထောက်ညွှန်ကြားရေးမှူး ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန | ကျောင်းပြင်ပနှင့် လူတိုင်းအကျိုးဝင် ပညာရေးဆိုင်ရာလုပ်ငန်းအဖွဲ့ | အဖွဲ့ဝင် |
| (၂၃) | ဒုတိယပါမောက္ခချုပ် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် | ဥပဒေပြုစုရေးဆိုင်ရာလုပ်ငန်းအဖွဲ့ | အဖွဲ့ဝင် |
| (၂၄) | ပါမောက္ခ စီမံခန့်ခွဲမှုပညာဌာန ရန်ကုန်စီးပွားရေးတက္ကသိုလ် | စီမံခန့်ခွဲမှုဆိုင်ရာအရည်အသွေး မြှင့်တင်ရေးလုပ်ငန်းအဖွဲ့ | အဖွဲ့ဝင် |
| (၂၅) | ညွှန်ကြားရေးမှူး (စီမံ + ဘဏ္ဍာ) အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) | ဝန်ထမ်းစွမ်းရည်မြှင့်တင်ရေးနှင့် စွမ်းဆောင်ရည်အကဲဖြတ်ရေး လုပ်ငန်းအဖွဲ့ | အဖွဲ့ဝင် |
| (၂၆) | ဒုတိယပါမောက္ခချုပ် ရန်ကုန်တက္ကသိုလ် | လက်တွေ့အသုံးချ သုတေသန လုပ်ငန်းများ မြှင့်တင် ဆောင်ရွက်ရေးလုပ်ငန်းအဖွဲ့ | အဖွဲ့ဝင် |
| (၂၇) | ဒုတိယပါမောက္ခချုပ် မန္တလေးတက္ကသိုလ် | ပညာရပ်ဆိုင်ရာ ရှုပ်ပတ်ဝန်းကျင်ကောင်းများ ကြီးကြပ်ဖြည့်ဆည်းရေးလုပ်ငန်းအဖွဲ့ | အဖွဲ့ဝင် |
| (၂၈) | ပါမောက္ခ (ဌာနမှူး) ပထဝီဝင်ဌာန ရန်ကုန်တက္ကသိုလ် | သင်ရိုးညွှန်းတမ်း သင်ရိုးမာတိကာဆိုင်ရာလုပ်ငန်း အဖွဲ့ (အဆင့်မြင့်) | အဖွဲ့ဝင် |
| (၂၉) | လက်ထောက်ညွှန်ကြားရေးမှူး (သင်ရိုး) ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန | သင်ရိုးညွှန်းတမ်း သင်ရိုးမာတိကာဆိုင်ရာလုပ်ငန်း အဖွဲ့ (အခြေခံ) | အဖွဲ့ဝင် |
| (၃၀) | ဒုတိယညွှန်ကြားရေးမှူးချုပ် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) | အဆင့်မြင့်ပညာရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (၃၁) | ပါမောက္ခချုပ် ဆေးတက္ကသိုလ် (၂) ရန်ကုန် | ကျန်းမာရေးဆိုင်ရာလုပ်ငန်းအဖွဲ့ | အဖွဲ့ဝင် |
| (၃၂) | ဒုတိယပါမောက္ခချုပ် မအူပင်နည်းပညာတက္ကသိုလ် | အသက်မွေးဝမ်းကျောင်းပညာရေး ဆိုင်ရာ လုပ်ငန်းအဖွဲ့ | အဖွဲ့ဝင် |
| (၃၃) | ပါမောက္ခချုပ် စိုက်ပျိုးရေးတက္ကသိုလ် | စိုက်ပျိုးရေး/မွေးမြူရေး/ သစ်တောပညာရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ | အဖွဲ့ဝင် |
| (၃၄) | ဒုတိယပါမောက္ခချုပ် ရန်ကုန်တက္ကသိုလ် | သတင်းအတတ်နည်းပညာနှင့် ဆက်သွယ်ရေးပညာဆိုင်ရာ လုပ်ငန်းအဖွဲ့ | အဖွဲ့ဝင် |
| (၃၅) | ညွှန်ကြားရေးမှူးချုပ် | အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) | အတွင်းရေးမှူး အဖွဲ့ဝင် (၁) |
| (၃၆) | ညွှန်ကြားရေးမှူးချုပ် | ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန | အတွင်းရေးမှူး အဖွဲ့ဝင် (၂) |
| (၃၇) | ညွှန်ကြားရေးမှူးချုပ် | မြန်မာနိုင်ငံပညာရေး သုတေသနအဖွဲ့ဦးစီးဌာန | အတွင်းရေးမှူး အဖွဲ့ဝင် (၃) |
| (၃၈) | ညွှန်ကြားရေးမှူးချုပ် | အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) | အတွင်းရေးမှူး အဖွဲ့ဝင် (၄) |
| (၃၉) | ညွှန်ကြားရေးမှူးချုပ် | အမှတ် (၁) အခြေခံပညာဦးစီးဌာန | အတွင်းရေးမှူး အဖွဲ့ဝင် (၅) |
| (၄၀) | ညွှန်ကြားရေးမှူးချုပ် | အမှတ် (၂) အခြေခံပညာဦးစီးဌာန | အတွင်းရေးမှူး အဖွဲ့ဝင် (၆) |
| (၄၁) | ညွှန်ကြားရေးမှူးချုပ် | အမှတ် (၃) အခြေခံပညာဦးစီးဌာန | အတွင်းရေးမှူး အဖွဲ့ဝင် (၇) |
| (၄၂) | ညွှန်ကြားရေးမှူးချုပ် | မြန်မာနိုင်ငံစာစစ်ဦးစီးဌာန | အတွင်းရေးမှူး အဖွဲ့ဝင် (၈) |
| (၄၃) | ညွှန်ကြားရေးမှူးချုပ် | စက်မှုနှင့်သက်မွေးပညာ ဦးစီးဌာန | အတွင်းရေးမှူး အဖွဲ့ဝင် (၉) |

( ခ ) **အကြံပေးအဖွဲ့ (Advisory Board)**

| | | |
|---|---|---|
| (၁) | ဦးသန်းဦး | နာယက |
| (၂) | ဦးစိုင်းအောင်ထွန်း | နာယက |
| (၃) | ဦးတင်ညို | ဥက္ကဋ္ဌ |
| (၄) | ဒေါက်တာသာလှရွှေ | အဖွဲ့ဝင် |
| (၅) | ဦးလူနီ | အဖွဲ့ဝင် |
| (၆) | ဒေါက်တာမြင့်သိန်း | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (၇) | ဒေါက်တာမြင့်ကြည် | | အဖွဲ့ဝင် |
| (၈) | ဒေါက်တာခင်မာထွန်း | | အဖွဲ့ဝင် |
| (၉) | ဦးထွန်းအောင်ချိန် | | အဖွဲ့ဝင် |
| (၁၀) | ဒေါက်တာဒေါ်သန်းနွဲ့ | | အဖွဲ့ဝင် |
| (၁၁) | ဒေါက်တာသိန်းလွင် (ပါမောက္ခ-ငြိမ်း) | | အဖွဲ့ဝင် |
| (၁၂) | ဦးတင်ထွဋ်ဦး | | အဖွဲ့ဝင် |
| (၁၃) | ဒေါက်တာအောင်ထွန်းသက် | | အဖွဲ့ဝင် |
| (၁၄) | ဒေါက်တာဒေါ်ရင်ရင်နွယ် | | အဖွဲ့ဝင် |
| (၁၅) | ဒေါ်ခင်မာထွေး | မူကြိုပညာရေးဆိုင်ရာလုပ်ငန်းအဖွဲ့ | အဖွဲ့ဝင် |
| (၁၆) | ဒေါ်မြင့်မြင့်သန်း | ဘုန်းတော်ကြီးသင်ပညာရေးနှင့် ပညာရေးလုပ်ငန်းဆောင်ရွက်သည့် ဘာသာရေးအဖွဲ့အစည်းများဆိုင်ရာ လုပ်ငန်းအဖွဲ့ | အဖွဲ့ဝင် |
| (၁၇) | ဒေါက်တာဒေါ်ထူးထူးအောင် | ဆရာအတတ်သင်ပညာရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ | အဖွဲ့ဝင် |
| (၁၈) | ဦးထွန်းလှ | ကလေးဗဟိုပြုချဉ်းကပ်သင်ယူနည်း ဆိုင်ရာလုပ်ငန်းအဖွဲ့ | အဖွဲ့ဝင် |
| (၁၉) | ဦးမြင့်ဟန် | ကျောင်းပြင်ပနှင့်လူတိုင်းအကျုံးဝင် ပညာရေးဆိုင်ရာလုပ်ငန်းအဖွဲ့ | အဖွဲ့ဝင် |
| (၂၀) | ဒေါ်ရီရီမြင့် | စီမံခန့်ခွဲမှုဆိုင်ရာအရည်အသွေး မြှင့်တင်ရေးလုပ်ငန်းအဖွဲ့ | အဖွဲ့ဝင် |
| (၂၁) | ဒေါက်တာသက်လွင် | ဝန်ထမ်းစွမ်းရည်မြှင့်တင်ရေးနှင့် စွမ်းဆောင်ရည်အကဲဖြတ်ရေး လုပ်ငန်းအဖွဲ့ | အဖွဲ့ဝင် |
| (၂၂) | ဒေါက်တာမြမြဦး | လက်တွေ့အသုံးချ သုတေသန လုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရေး လုပ်ငန်းအဖွဲ့ | အဖွဲ့ဝင် |
| (၂၃) | ဦးစိန်မင်း | ပညာရပ်ဆိုင်ရာ ရှုပ်ပတ်ဝန်းကျင်ကောင်းများ ကြီးကြပ်ဖြည့်ဆည်းရေးလုပ်ငန်းအဖွဲ့ | အဖွဲ့ဝင် |
| (၂၄) | ဦးစိုးညွှန့် | သင်ရိုးညွှန်းတမ်း သင်ရိုးမာတိကာဆိုင်ရာ လုပ်ငန်းအဖွဲ့-အဆင့်မြင့် | အဖွဲ့ဝင် |
| (၂၅) | ဒေါက်တာဒေါ်မြကြွယ် | သင်ရိုးညွှန်းတမ်း သင်ရိုးမာတိကာဆိုင်ရာ လုပ်ငန်းအဖွဲ့-အခြေခံ | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (၂၆) | ဒေါက်တာခင်မေအုန်း | ကျန်းမာရေးဆိုင်ရာလုပ်ငန်းအဖွဲ့ | အဖွဲ့ဝင် |
| (၂၇) | ဒေါက်တာကျော်ဝင်း | အသက်မွေးဝမ်းကျောင်း ပညာရေးဆိုင်ရာလုပ်ငန်းအဖွဲ့ | အဖွဲ့ဝင် |
| (၂၈) | ဒေါက်တာမြင့်သောင်း | စိုက်ပျိုး/မွေးမြူရေး/သစ်တော ပညာရေးဆိုင်ရာလုပ်ငန်းအဖွဲ့ | အဖွဲ့ဝင် |
| (၂၉) | ဒေါက်တာနွဲ့နွဲ့ဝင်း | သတင်းအတတ်နည်းပညာနှင့် ဆက်သွယ်ရေးပညာဆိုင်ရာ လုပ်ငန်းအဖွဲ့ | အဖွဲ့ဝင် |
| (၃၀) | ဒေါက်တာဇော်ဦး | | အဖွဲ့ဝင် |
| (၃၁) | ဒေါက်တာကျော်ရင်လှိုင် | | အဖွဲ့ဝင် |
| (၃၂) | ဒေါက်တာတင်မောင်သန်း | | အဖွဲ့ဝင် |
| (၃၃) | ဒေါက်တာသိမ်းမြင့် | | အတွင်းရေးမှူး (၁) |
| (၃၄) | ဦးညီလှငယ် | | အတွင်းရေးမှူး (၂) |

၄။ အထူးလုပ်ငန်းအဖွဲ့နှင့် အကြံပေးအဖွဲ့တို့၏ လုပ်ငန်းတာဝန်များကို ဆွေးနွေးညှိနှိုင်းသတ်မှတ်ဆောင်ရွက်သွားရန်ဖြစ်ပါသည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် ၆၈/၂၀၁၃

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်
( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက် )

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လကွယ်နေ့ (၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်) စနေနေ့သည် **"ဒီပါဝလီနေ့"** ဖြစ်သည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ရုံးများ၏ပိတ်ရက်အဖြစ် လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများအက်ဥပဒေပုဒ်မ ၂၅ အရ အများပြည်သူတို့၏အလုပ်ပိတ်ရက်ဖြစ်ကြောင်း ကြေညာလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၆၉/၂၀၁၃)**

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်

( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက် )

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေပုဒ်မ ၄ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ **“ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ”** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

(က) ဦးဝင်းထွန်း — ဥက္ကဋ္ဌ
ပြည်ထောင်စုဝန်ကြီး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန

( ခ ) ဦးသန့်ရှင်း — ဒုတိယဥက္ကဋ္ဌ
ဒုတိယဝန်ကြီး
သမ္မတရုံးဝန်ကြီးဌာန (၁)

( ဂ ) ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
ပြည်ထဲရေးဝန်ကြီးဌာန

(ဃ) ဦးသန့်ကျော် — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
နိုင်ငံခြားရေးဝန်ကြီးဌာန

( င ) ဦးခင်ဇော် — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

( စ ) ဦးဇင်ယော် — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
ပို့ဆောင်ရေးဝန်ကြီးဌာန

(ဆ) ဒေါက်တာသက်သက်ဇင် — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန

( ဇ ) ဦးအေးမြင့်မောင် — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန

(စျ) ဦးအောင်သန်းဦး — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

(ည) ဦးအောင်ထူး — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
စွမ်းအင်ဝန်ကြီးဌာန

(ဋ) ဦးမျိုးအောင် — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
စက်မှုဝန်ကြီးဌာန

(ဌ) ဒေါက်တာမျိုးမြင့် — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
ပညာရေးဝန်ကြီးဌာန

(ဍ) ဒေါက်တာသန်းအောင် — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
ကျန်းမာရေးဝန်ကြီးဌာန

(ဎ) ဦးသန်းထွန်းအောင် — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
သတ္တုတွင်းဝန်ကြီးဌာန

(ဏ) ဒေါက်တာမောင်မောင်သိမ်း — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
ဘဏ္ဍာရေးဝန်ကြီးဌာန

(တ) ဒေါ်လဲ့လဲ့သိန်း — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

(ထ) ဦးစိုးတင့် — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဒ) ဒေါ်ဝင်းမော်ထွန်း — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန

(ဓ) ဦးချန်မောင် — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
ရထားပို့ဆောင်ရေးဝန်ကြီးဌာန

(န) ဒေါက်တာဘရွှေ — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
သိပ္ပံနှင့်နည်းပညာဝန်ကြီး

(ပ) ဒေါက်တာစိုင်းကျော်အုန်း — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန

(ဖ) ဦးထွန်းထွန်းဦး — အဖွဲ့ဝင်
ဒုတိယရှေ့နေချုပ်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(ဗ) ဦးသန်းကျော်ထူး — အဖွဲ့ဝင်
ဒုတိယဥက္ကဋ္ဌ
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

(ဘ) ဦးလှမြင့် — အဖွဲ့ဝင်
ဥက္ကဋ္ဌ
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

(မ) ဦးအောင်မောင်း — အဖွဲ့ဝင်
ဥက္ကဋ္ဌ
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

(ယ) ဦးထွန်းလှအောင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

(ရ) ဦးထွန်းလွင်ဦး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ပို့ဆောင်ရေးဝန်ကြီးဌာန

(လ) ဦးတင်ထွန်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
စီမံကိန်းနှင့်စာရင်းအင်းဦးစီးဌာန
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန

(ဝ) ဒေါက်တာညီညီကျော် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
သစ်တောဦးစီးဌာန
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန

(သ) ဦးဌေးအောင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန

(ဟ) ဦးနေအေး — အတွင်းရေးမှူး
ညွှန်ကြားရေးမှူးချုပ်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန

(ဠ) ဦးမျိုးဝင်းအောင် — တွဲဖက်အတွင်းရေးမှူး
ညွှန်ကြားရေးမှူး
သမ္မတရုံးဝန်ကြီးဌာန (၁)

၂။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မြန်မာနိုင်ငံအမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။

(ခ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် မြှင့်တင်ရေးအတွက် လိုအပ်သည့် အမျိုးသားပတ်ဝန်းကျင်ရေးရာ မူဝါဒများနှင့် အခြားကဏ္ဍဆိုင်ရာပတ်ဝန်းကျင်မူဝါဒများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ချမှတ်ခြင်း။

(ဂ) အမျိုးသားစဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များကို ကဏ္ဍအလိုက် စနစ်တကျပေါင်းစပ်ဆောင်ရွက်ရန် လိုအပ်သော အခြေခံမူများ၊ မဟာဗျူဟာများ ချမှတ်ခြင်း။

(ဃ) ဖွံ့ဖြိုးမှုစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရန် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းစနစ် ချမှတ်ဖော်ဆောင်ရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့အတွက် ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးရေးလုပ်ငန်းများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနက ကိုယ်တိုင်ဖြစ်စေ၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ ပေါင်းစပ်ညှိနှိုင်း၍ဖြစ်စေ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လမ်းညွှန်ချက်များ ချမှတ်ခြင်း။

(င) စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေသည့် သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်စေသည့် အစိမ်းရောင်စီးပွားရေးဆိုင်ရာဆွဲဆောင်မှုနည်းလမ်းများ ချမှတ်နိုင်ရေးအတွက် လမ်းညွှန်ချက်များ ချမှတ်ခြင်း။

(စ) ရာသီဥတုပြောင်းလဲမှုလျှော့ချရေးနှင့် လိုက်လျောညီထွေရှိစေရေးဆိုင်ရာမူဝါဒ၊ မဟာဗျူဟာ၊ နည်းဗျူဟာများ၊ လုပ်ငန်းအစီအစဉ်များ ရေးဆွဲနိုင်ရေးနှင့် လမ်းညွှန်ချက်များ ချမှတ်နိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများအကြား ပေါင်းစပ်ညှိနှိုင်းပေးခြင်း။

(ဆ) သဘာဝသယံဇာတနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရေးအစီအမံများ ချမှတ်ခြင်း။

(ဇ) သဘာဝသယံဇာတအရင်းမြစ်များ လျော့နည်းဆုံးရှုံးမှုကို တားဆီးရေးနှင့် စဉ်ဆက်မပြတ်အကျိုးရှိစွာအသုံးပြုနိုင်ရေးအတွက် လမ်းညွှန်ကြီးကြပ်ဆောင်ရွက်ခြင်း။

(ဈ) စွမ်းအင်ချွေတာရေးနှင့် ရေရှည်စဉ်ဆက်မပြတ်အသုံးချနိုင်ရေးအတွက် အစီအမံများ ချမှတ်ခြင်း။

(ည) အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာစာရင်းဇယားနှင့် ကိန်းဂဏန်းအချက်အလက်များ ထိန်းသိမ်းသည့်စနစ် တည်ထောင်နိုင်ရေးအတွက် လမ်းညွှန်ချက်များ ချမှတ်ခြင်း။

(ဋ) မြို့ပြဒေသ၊ ရပ်ရွာ၊ စက်မှုနယ်မြေနှင့် အထူးစီးပွားရေးဇုန်ပတ်ဝန်းကျင်ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံခန့်ခွဲမှုဆိုင်ရာလမ်းညွှန်ချက်များ ချမှတ်ခြင်း။

(ဌ) စွန့်ပစ်ပစ္စည်း၊ အရည်နှင့် အခိုးအငွေ့များကြောင့် ပတ်ဝန်းကျင်မထိခိုက်စေရန် စနစ်တကျထိန်းချုပ်နိုင်ရေးနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများ ထိန်းသိမ်းကာကွယ်ရေးအတွက် လမ်းညွှန်ချက်များ၊ အစီအမံများ ချမှတ်ခြင်း။

(ဍ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် မြှင့်တင်ရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများအကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် ပတ်ဝန်းကျင်ဆိုင်ရာဖြေရှင်းဆောင်ရွက်ရမည့်ကိစ္စရပ်များ ပေါ်ပေါက်လာပါက သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများအကြား ညှိနှိုင်းဖြေရှင်းပေးခြင်း။

(ဎ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် မြှင့်တင်ရေးအတွက် မြန်မာနိုင်ငံက အကောင်အထည်ဖော်ဆောင်ရွက်ရန်ရှိသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သက်ဆိုင်သော အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများ၊ ဒေသဆိုင်ရာသဘောတူညီချက်များ၊ နိုင်ငံအချင်းချင်း သဘောတူစာချုပ်များနှင့်အညီ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ ပူးပေါင်းညှိနှိုင်းဆောင်ရွက်နိုင်ရေးလမ်းညွှန်ချက်များ ချမှတ်ခြင်း။

(ဏ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူတို့ ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်လာစေရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာအသိအမြင် ပြန့်ပွားရေး၊ ပညာပေးရေးနှင့် ပညာသင်ကြားရေးအစီအစဉ်များကို တိုးမြှင့်ဆောင်ရွက်ခြင်း။

(တ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များကို အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းနှင့် ပုဂ္ဂလိကတို့ ပူးပေါင်းဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းပေးခြင်း။

(ထ) ပတ်ဝန်းကျင်ရေးရာကိစ္စရပ်များတွင် အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ခြင်း။

(ဒ) လိုအပ်သည့် ဗဟိုအဆင့်လုပ်ငန်းကော်မတီများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်ကြီးကြပ်မှုကော်မတီများ၊ အထူးလုပ်ငန်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခြင်း။

(ဓ) ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာပေးအပ်သော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ တာဝန်များကို ဆောင်ရွက်ခြင်း။

၃။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီသည် မိမိ၏ လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာများကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ အခါအားလျော်စွာ အစီရင်ခံတင်ပြရမည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၇၀/၂၀၁၃)

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်
( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက် )

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်၏စီးပွားရေးကို အရှိန်အဟုန်ဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြန်မာအထူးစီးပွားရေးဇုန် ဥပဒေပုဒ်မ ၄ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်အတွင်း နယ်မြေဧရိယာ စတုရန်းကီလိုမီတာ ၂၀၄. ၅၀၈၈၂၁၂၊ ဧရိယာအကျယ်အဝန်း ၅၀၅၃၅. ၀၂၃၃ ဧကအား **ထားဝယ်အထူးစီးပွားရေးဇုန်** အဖြစ် ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၂ ခုနှစ်၊ မတ်လ ၁၂ ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၀/၂၀၁၂ ဖြင့် သတ်မှတ်ကြေညာခဲ့ခြင်းအပေါ် လူမှုရေးဆိုင်ရာသက်ရောက်မှုများ လျော့ပါးစေရေးအတွက်လည်းကောင်း၊ စီမံကိန်းအတွက် မြေအသုံးချမှုကို ပိုမိုထိရောက်စေရေးအတွက်လည်းကောင်း ထားဝယ်အထူးစီးပွားရေးဇုန်နယ်နိမိတ်သတ်မှတ်ချက်ကို နယ်မြေဧရိယာစတုရန်းကီလိုမီတာ **၁၉၅. ၉၉၉၉၇၉၀၊ ဧရိယာအကျယ်အဝန်းအားဖြင့် ၄၈၄၃၂. ၄၅၁၂ ဧက**အဖြစ် ပြင်ဆင်သတ်မှတ်လိုက်သည်။

၂။ ထားဝယ်အထူးစီးပွားရေးဇုန်အတွင်း ပါဝင်သည့် မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စုနှင့် ကျေးရွာများ၏ ဖွဲ့စည်းမှုနယ်မြေဧရိယာ၊ အကျယ်အဝန်းနှင့် နယ်နိမိတ်အလားအလာသတ်မှတ်ချက်များသည် ထားဝယ်အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ၏ တင်ပြသောအမှုတွဲတွင် ပါရှိသည့်အတိုင်းဖြစ်သည်။

၃။ အပိုဒ် ၁ ပါ ပြင်ဆင်သတ်မှတ်သည့် ထားဝယ်အထူးစီးပွားရေးဇုန်နယ်နိမိတ်၏ အလားအလာ သတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

**မြောက်ဘက်။** မြေတိုင်းမှတ်တိုင် (A ၂၁၆) (N 1594113.039 ; E 399031.144) ဘဝါ သစ်တောကြိုးဝိုင်း အရှေ့ဘက်နယ်နိမိတ်အစပ်မှ မြေတိုင်းမှတ်တိုင် (A ၂၁၉) (N 1594358.170 ; E 402464.726) အထိ၊ အနောက်မှ အရှေ့သို့ မြေတိုင်းမှတ်တိုင် လုံးရေကို ၄ လုံး သတ်မှတ်စိုက်ထူထားပြီး နယ်နိမိတ် Boundary အတိုင်း မြောက်ဘက်အနားတစ်လျှောက် ၂. ၅၃ မိုင်အထိ။

**အရှေ့ဘက်။** ကုန်းသရဲအင်း၏ အနောက်မြောက်ဘက် ၀. ၆၂ မိုင်ခန့်အကွာ မြေတိုင်းမှတ်တိုင် အမှတ် (A ၂၁၉) (N 1594358.170 ; E 402464.726) မှ ကုန်းသရဲအင်း၏ အနောက်ဘက်လမ်းအနီး မြေတိုင်းမှတ်တိုင်အမှတ် (A ၂၃၃) (N 1592969.750 ; E 402723.420) အထိလည်းကောင်း၊ ယင်းမှ တောင်ဘက်သို့ ရင်ငဲကျေးရွာ၏ အနောက် တောင်ဘက် လယ်မြေအစပ်ရှိ မြေတိုင်းမှတ်တိုင်အမှတ် (A ၂၃၀) (N 1591561.444 ; E 403169.053) အထိလည်းကောင်း၊ ယင်းမှ ရင်ငဲရွာ၏တောင်ဘက် (၀. ၅၀) မိုင်ခန့် အကွာ လမ်းအနီး မြေတိုင်းမှတ်တိုင်အမှတ် (A ၂၃၄) (N 1591282.741 ; E 403837.225) အထိလည်းကောင်း၊ ယင်းမှတောင်ဘက်သို့ ရင်ငဲ၊ ဇကနိလမ်းနှင့်အပြိုင် လမ်း၏အနောက်ဘက်မြေတိုင်းမှတ်တိုင်အမှတ် (A ၂၃၉) (N 1589173.036 ; E 404218.770) အထိလည်းကောင်း သတ်မှတ်ထားရှိပါသည်။ ယင်းမှ ဇကနိ ဆီအုန်းခြံနယ်နိမိတ် မြေတိုင်းမှတ်တိုင်အမှတ် (A ၂၄၀) (N 1589129.738 ; E 404173.287) မှ ဇကနိကျေးရွာအနောက်ဘက်လမ်းအနီး မြေတိုင်းမှတ်တိုင် အမှတ် (A ၃၂၇) (N 1588062.966 ; E 404067.758) အထိလည်းကောင်း၊ ယင်းမှ ဇကနိကျေးရွာ၏ အနောက်ဘက်လမ်းအနီး မြေတိုင်းအမှတ် (A ၃၂၉) (N 1587777.144 ; E 404026.011) အထိလည်းကောင်း၊ ယင်းမှ အနောက် တောင်ဘက်သို့ မြေတိုင်းမှတ်တိုင်အမှတ် (A ၃၃၂) (N 1587625.858 ; E 403719.147) အထိလည်းကောင်း၊ ယင်းမှ တောင်ဘက်သို့ မြေတိုင်းမှတ်တိုင်အမှတ် (A ၃၃၄) (N 1587304.360 ; E 403740.062) အထိလည်းကောင်း၊ ယင်းမှ အရှေ့ဘက် ဇကနိ ကျေးရွာတောင်ဘက် မြေတိုင်းအမှတ် (A ၃၃၆) (N 1587168.375 ; E 404421.445) အထိလည်းကောင်း၊ ယင်းမှ အရှေ့မြောက်ထောင့် မြေတိုင်းမှတ်တိုင်အမှတ် (A ၃၃၉) (N 1587601.869 ; E 405004.156) အထိလည်းကောင်း၊ ယင်းမှ အရှေ့ဘက် မြေတိုင်း မှတ်တိုင်အမှတ် (A ၃၄၁) (N 1587597.608 ; E 405860.315) အထိလည်းကောင်း၊ ယင်းမှ မြောက်ဘက်မြေတိုင်းမှတ်တိုင်အမှတ် (A ၃၄၃) နှင့် အရှေ့မြောက်ထောင့် မြေတိုင်းမှတ်တိုင်အမှတ် (A ၃၄၈) (N 1588407.533 ; E 407325.940) အထိ လည်းကောင်း၊ ယင်းမှ အရှေ့မြောက်ထောင့် မြေတိုင်းမှတ်တိုင်အမှတ် (A ၃၅၄) (N 1588573.804 ; E 407680.885) အထိလည်းကောင်း၊ ယင်းမှ တောင်ဘက်သို့ မြေတိုင်းမှတ်တိုင်အမှတ် (A ၃၅၇) (N 1587428.525 ; E 407710.028) အထိ လည်းကောင်း၊ ယင်းမှ အနောက်တောင်ဘက်သို့ မြေတိုင်းမှတ်တိုင်အမှတ် (B ၃၂) (N 1586044.417 ; E 406999.480) အထိလည်းကောင်း သတ်မှတ်ပါသည်။ ယင်းမှ အရှေ့တည့်တည့် ၀. ၆၂ မိုင်ခန့်အကွာရှိ သရင်းဖြူရွာတောင်တန်းတောင်ခြေအနီး စိုက်ထူထားသော မြေတိုင်းမှတ်တိုင် (B ၃၄) (N 1586000.716 ; E 407535.341) အထိ ယင်းမှ တောင်ခြေအတိုင်း ၂ မိုင်ခန့်အကွာရှိ မြေတိုင်းမှတ်တိုင်အမှတ် (B ၅၄) (N 1585981.788 ; E 408982.702) အထိ၊ ယင်းမှ ပယင်းဖြူတောင်ခြေအတိုင်း ပတ်၍ ၂ မိုင်ခန့်အကွာရှိ ထားဝယ်မြစ်အနောက်ဘက်ကမ်းရှိ မြေတိုင်းမှတ်တိုင်

အမှတ် (B ၇၄) (N 1584810.100 ; E 411141.519) အထိ၊ ယင်းမှ ထားဝယ်မြစ် အနောက်ဘက်ကမ်း ပရင်းဖြူရွာတောင်ဘက် ၁ မိုင်ခန့်အကွာရှိ မြေတိုင်းမှတ်တိုင် အမှတ် (B ၇၄) မှ ထားဝယ်အနောက်ဘက်ကမ်းအတိုင်း တောင်ဘက်သို့ နတ်တောင် တောင်ခြေရှိ မြေတိုင်းမှတ်တိုင်အမှတ် (B ၇၇) (N 1583650.971 ; E 411359.738) အထိ၊ ယင်းမှ နတ်တောင်တောင်တန်း မြောက်ဘက်တောင်ခြေအတိုင်းပတ်၍ နတ်တောင်တောင်ခြေရှိ မြေတိုင်းအမှတ် (B ၁၃၇) (N 1581268.795 ; E 411110.103) အထိ၊ ယင်းမှ တောင်ခြေအတိုင်း တောင်ဘက်တောင်ခြေရှိ မြေတိုင်းအမှတ် (B ၁၃၈) (N 1581254.435 ; E 4111723.860) အထိ၊ ယင်းမှ တောင်ခြေအတိုင်း တောင်ဘက် ၂ မိုင်ခန့်အကွာ ပုလဲကူရွာမြောက်ဘက်ရှိ မြေတိုင်းမှတ်တိုင်အမှတ် (B ၁၄၈) (N 1579019.433 ; E 412527.604) အထိ ယင်းမှ ပုလဲကူရွာအနောက်ဘက် ၁ မိုင်ခန့် အကွာရှိ မြေတိုင်းမှတ်တိုင်အမှတ် (B ၁၅၀) (N 1578298.696 ; E 411522.850) အထိ။

**တောင်ဘက်။** ပုလဲကူရွာအနောက်ဘက် ၁ မိုင်ခန့်အကွာ မြေတိုင်းမှတ်တိုင်အမှတ် (B ၁၅၁) (N 1578170.801 ; E 411635.468) မှ မင်းတပ်ရွာမြောက်ဘက် ၂ ဖာလုံခန့်အကွာ မြေတိုင်းမှတ်တိုင်အမှတ် (A ၀၀၃) (N 1578190.805 ; E 410060.885) အထိ လည်းကောင်း၊ ယင်းမှ မင်းတပ်ရွာနှင့် ပုဂေါ်ဇွန်းရွာအနီးရှိ လယ်မြေများကို ချန်လှပ်၍ ပုဂေါ်ဇွန်းရွာ၏အနောက်ဘက် ၄ ဖာလုံခန့်အကွာ မြေတိုင်းမှတ်တိုင်အမှတ် (A ၀၂၈) (N 1578521.923 ; E 408023.281) အထိလည်းကောင်း၊ ယင်းမှ ရလိုင်ကျေးရွာ၏ အနောက်တောင်ဘက် သစ်တိုထောင့်ကျေးရွာ၏အနောက်ဘက် သစ်တိုထောင့်ရွာနှင့် ကပ်လျက် မြေတိုင်းအမှတ် (A ၀၃၄) (N 1576060.394 ; E 407518.363) အထိ လည်းကောင်း၊ ယင်းမှ သစ်တိုထောင့်ရွာ၏အနောက်ဘက် ၂. ၅ မိုင်ခန့်အကွာ တောင်ရှမ်းတောင်မြောက်ဘက်တောင်ခြေ မြေတိုင်းမှတ်တိုင်အမှတ် (B ၂၁၄) (N 1576309.815 ; E 405174.823) အထိလည်းကောင်း၊ ယင်းမှ တောင်ရှမ်းတောင်၏ အနောက်ဘက်တောင်ခြေအတိုင်း တောင်ဘက်သို့ ၂ မိုင်ခန့်အကွာ သပြေရွာ၏ မြောက်ဘက် မြေတိုင်းမှတ်တိုင်အမှတ် (B ၂၃၅) (N 1571848.270 ; E 403143.104) အထိလည်းကောင်း၊ ယင်းမှ ညောင်ပင်ဆိပ်ကျေးရွာ၏အရှေ့ဘက် ၁ မိုင်ခန့်အကွာ သပြေရွာ၏မြောက်ဘက် ၂ မိုင်ခန့်အကွာ မြေတိုင်းမှတ်တိုင်အမှတ် (AA ၀၀၁) (N 1571884.072 ; E 403114.577) မှ ညောင်ပင်ဆိပ်ကျေးရွာ၏အနောက်ဘက် ၁ မိုင်ခန့်အကွာ မြေတိုင်းမှတ်တိုင်အမှတ် (AA ၀၁၀) (N 1572383.808 ; E 401667.515) အထိလည်းကောင်း၊ ယင်းမှ ညောင်ပင်ဆိပ်ကျေးရွာတောင်ဘက် ၁. ၂ မိုင်ခန့်အကွာ မြေတိုင်းမှတ်တိုင်အမှတ် (B ၂၄၁) (N 1570241.259 ; E 402443.681) အထိလည်းကောင်း၊ ယင်းမှ အနောက်ဘက်တည့်တည့် ပင်လယ် ကမ်းစပ်အတိုင်း ငပိတက်ရွာမြောက်ဘက်ထိပ်ရှိ မြေတိုင်းမှတ်တိုင်အမှတ် (B ၂၄၆) (N 1570400.912 ; E 398926.664) အထိ။

**အနောက်ဘက်။** ကပ္ပလီပင်လယ်ကမ်းခြေအတိုင်း ငါးပိတက်ကျေးရွာမြောက်ဘက်ရှိ မြေတိုင်းမှတ်တိုင် အမှတ် (B ၂၄၆) မှ ပင်လယ်ကမ်းရိုးတန်းအနောက်မြောက်လားရာအတိုင်း ၇ မိုင်ခန့် အကွာရှိ မြေတိုင်းမှတ်တိုင်အမှတ် (B ၂၈၂) (N 1579801.752 ; E 392455.852) အထိလည်းကောင်း၊ ယင်းမှ မယင်းကြီးရွာ၏အရှေ့ဘက် မယင်းကြီးတောင်ခြေ မြေတိုင်းမှတ်တိုင်အမှတ် (A ၀၉၉) (N 1580047.722 ; E 394674.535) အထိ လည်းကောင်း၊ ယင်းမှ မယင်းကြီးတောင်ခြေအတိုင်း အရှေ့ဘက် ကျွဲမင်းခြေရာ ဘုရား၏အနောက်ဘက် ၂ ဖာလုံခန့်အကွာ မြေတိုင်းမှတ်တိုင်အမှတ် (A ၁၄၉)

(N 1582117.493 ; E 396360.320) အထိလည်းကောင်း၊ ယင်းမှ ကွဲမင်းခြေရာဘုရားနှင့် ခြေတော်ရာဘုရားနယ်နိမိတ်အတိုင်း ကွဲမင်းခြေရာဘုရား၏မြောက်ဘက် ၁ မိုင်ခန့်အကွာ မြေတိုင်းမှတ်တိုင်အမှတ် (B ၂၀) (N 1583118.727 ; E 396591.874) အထိလည်းကောင်း၊ ယင်းမှ ကျောက်ကျွန်းတောတောင် အရှေ့ဘက်တောင်ခြေအတိုင်း ခြေတော်ရာဘုရား၏အရှေ့မြောက်ဘက် ၂. ၃ မိုင်ခန့်အကွာ မြေတိုင်းမှတ်တိုင်အမှတ် (A ၁၆၈) (N 1584216.888 ; E 401829.512) အထိလည်းကောင်း၊ ယင်းမှ ကျောက်ကျွန်းတောတောင် အရှေ့ဘက်တောင်ခြေအတိုင်း ဝဇွမ်းတောကျေးရွာ၏အနောက်ဘက် ၁ မိုင်ခန့်အကွာ မြေတိုင်းမှတ်တိုင်အမှတ် (A ၁၈၈) (N 1590128.397 ; E 399468.111) အထိလည်းကောင်း၊ ယင်းမှ ဝဇွမ်းတောရွာ၏အရှေ့တောင်ဘက် ၃ ဖာလုံခန့်အကွာ မြေတိုင်းမှတ်တိုင်အမှတ် (A ၂၀၄) (N 15090982.477 ; E 401334.077) အထိလည်းကောင်း၊ ယင်းမှ ဝဇွမ်းတောရွာ၏မြောက်ဘက် ပေါင်းချွန်းတောင်အရှေ့ဘက် တောင်ခြေတစ်လျှောက် မြေတိုင်းမှတ်တိုင်အမှတ် (A ၂၁၆) အထိ။

၄။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၂ ခုနှစ်၊ မတ်လ ၁၂ ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၀/၂၀၁၂ အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

၅။ ထားဝယ်အထူးစီးပွားရေးဇုန်အတွင်း ရင်းနှီးတည်ဆောက်သူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူသည် ဥပဒေအရ ခွင့်ပြုမိန့်ဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြန်မာအထူးစီးပွားရေးဇုန် ဥပဒေပုဒ်မ ၃၇၊ ပုဒ်မခွဲ (ဃ) နှင့် ထားဝယ်အထူးစီးပွားရေးဇုန် ဥပဒေပုဒ်မ ၃၅၊ ပုဒ်မခွဲ (ဃ) တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အောက်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည် -

(က) မိမိငှားရမ်းခွင့် သို့မဟုတ် အသုံးပြုခွင့်ရရှိသောမြေ၏မြေပေါ်မြေအောက်၌ ခွင့်ပြုသည့်လုပ်ငန်းနှင့်မသက်ဆိုင်သည့် မူလစာချုပ်တွင် မပါဝင်သော ရှေးဟောင်းဝတ္ထုပစ္စည်းများ တွေ့ရှိလျှင် ထးဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီသို့ ချက်ချင်းအကြောင်းကြားရမည်။

(ခ) မိမိငှားရမ်းခွင့် သို့မဟုတ် အသုံးပြုခွင့်ရရှိသောမြေ၏မြေပေါ်မြေအောက်၌ ခွင့်ပြုသည့်လုပ်ငန်းနှင့်မသက်ဆိုင်သည့်အပြင် မူလစာချုပ်တွင် မပါဝင်သော သဘာဝသယံဇာတတွင်းထွက်ပစ္စည်းများကို တွေ့ရှိလျှင် ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီသို့ ချက်ချင်းအကြောင်းကြားရမည်။

(ဂ) အပိုဒ်ခွဲ (က) နှင့် (ခ) တို့အရ အကြောင်းကြားသည့်ကိစ္စအပေါ် ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီက ခွင့်ပြုလျှင် ယင်းမြေပေါ်၌ ဆက်လက်လုပ်ကိုင်နိုင်ခွင့်ရှိပြီး ခွင့်ပြုချက်မရရှိလျှင် အစားထိုးပေးသည့်နေရာသို့ ပြောင်းရွှေ့ဆောင်ရွက်ရမည်။

မှတ်ချက်။ အထက်တွင် ဖော်ပြထားသော နယ်နိမိတ်အလားအလာများတွင် ပါရှိသည့် မြေတိုင်းမှတ်တိုင်များ၏ တည်နေရာပြ ကိုဩဒီနိတ်စနစ်သည် World Geodetic System 1984 (WGS 84) စနစ်ဖြစ်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**လွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၇၁/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်

( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက် )

**ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့ထားသော ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
လွှတ်တော်ရုံး။

**နောက်ဆက်တွဲ (က)**

**ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)**

**( ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။ )**

၁၃၇၅ ခုနှစ်၊ လ ရက်

( ၂၀၁၃ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေတွင် ပုဒ်မ ၂၈ ကို ပယ်ဖျက်ရမည်။

၃။ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေတွင် ပါရှိသော ပုဒ်မ ၂၉ နှင့် ၃၀ တို့ကို ပုဒ်မ ၂၈ နှင့် ၂၉ တို့အဖြစ် အသီးသီးပြန်လည်အမှတ်စဉ်ရမည်။

**နောက်ဆက်တွဲ (ဂ)**

**ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်ဆိုင်ရာဥပဒေများကို ပြင်ဆင်ပြဋ္ဌာန်းရေး ရှင်းလင်းတင်ပြချက်**

| စဉ် | ဥပဒေ အမှတ် | ပုဒ်မ | မူလဥပဒေ | ပြင်ဆင်မည့်ဥပဒေ | ကျိုးကြောင်း ရှင်းလင်းတင်ပြချက် |
|---|---|---|---|---|---|
| ၁။ | ၂ | ၂၈ | ဤဥပဒေအရ ခံစားခွင့်ပြုသည့် ဝင်ငွေအရပ်ရပ်အပေါ် ဝင်ငွေခွန်ကောက်ခံခြင်းမှ ကင်းလွတ်စေရမည်။ | ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေတွင် ပုဒ်မ ၂၈ ကို ပယ်ဖျက်ရမည်။ | ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၁၅-၃-၂၀၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ (၁၀၆/၂၀၁၂) နှင့် (၁၀၇/၂၀၁၂) ဖြင့် ထုတ်ပြန်ခဲ့သော ဝင်ငွေခွန်စည်းကြပ်ခြင်းဆိုင်ရာ အမိန့်ကြော်ငြာစာများတွင် **"မည်သူမဆို လစာခေါင်းစဉ်မှ ဝင်ငွေအပေါ် သတ်မှတ်ထားသော သက်သာခွင့်များ ခုနှိမ်ပြီးနောက် ကျန်လစာဝင်ငွေအပေါ်တွင် ဝင်ငွေခွန်ပေးဆောင်ရန်နှင့် ဝင်ငွေခွန်ပေးဆောင်ရာတွင်လည်း ပြန်တမ်းဝင်အရာရှိအဆင့်ဖြစ်မှသာ ပေးဆောင်ရန်"** ထည့်သွင်းဖော်ပြထားသဖြင့် အကျုံးဝင်သူအားလုံး အခွန်ပေးဆောင်နိုင်ရေးအတွက် ပြင်ဆင်ရခြင်းဖြစ်ပါသည်။ |

**ရည်ရွယ်ချက်**

နိုင်ငံ့ဝန်ထမ်းများနှင့် ပုဂ္ဂလိကဝန်ထမ်းများနည်းတူ နိုင်ငံတော်အတွက် အခွန်တာဝန်ကို ထမ်းဆောင်နိုင်စေရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**လွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၇၂/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်

( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက် )

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့ထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
လွှတ်တော်ရုံး။

**<u>နောက်ဆက်တွဲ (က-၁)</u>**

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)**

**( ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။ )**

၁၃၇၅ ခုနှစ်၊ လ ရက်

( ၂၀၁၃ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေတွင် ပုဒ်မ ၂၂ ကို ပယ်ဖျက်ရမည်။

၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေတွင် ပါရှိသော ပုဒ်မ ၂၃ နှင့် ၂၄ တို့ကို ပုဒ်မ ၂၂ နှင့် ၂၃ တို့အဖြစ် အသီးသီးပြန်လည် အမှတ်စဉ်ရမည်။

| စဉ် | ဥပဒေ အမှတ် | ပုဒ်မ | မူလဥပဒေ | ပြင်ဆင်မည့်ဥပဒေ | ကျိုးကြောင်း ရှင်းလင်းတင်ပြချက် |
| --- | --- | --- | --- | --- | --- |
| ၂။ | ၃ | ၂၃ | ဤဥပဒေအရ ခံစားခွင့်ပြုသည့် ဝင်ငွေ အရပ်ရပ်အပေါ် ဝင်ငွေခွန်ကောက်ခံခြင်းမှ ကင်းလွတ်စေရမည်။ | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေတွင် ပုဒ်မ ၂၃ ကို ပယ်ဖျက်ရမည်။ | ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၁၅-၃-၂၀၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ (၁၀၆/၂၀၁၂) နှင့် (၁၀၇/၂၀၁၂) ဖြင့် ထုတ်ပြန်ခဲ့သော ဝင်ငွေခွန်စည်းကြပ်ခြင်းဆိုင်ရာ အမိန့်ကြော်ငြာစာများတွင် **"မည်သူမဆို လစာခေါင်းစဉ်မှ ဝင်ငွေအပေါ် သတ်မှတ်ထားသော သက်သာခွင့်များ ခုနှိမ်ပြီးနောက် ကျန်လစာဝင်ငွေအပေါ်တွင် ဝင်ငွေခွန်ပေးဆောင်ရန်နှင့် ဝင်ငွေခွန်ပေးဆောင်ရာတွင်လည်း ပြန်တမ်းဝင်အရာရှိအဆင့်ဖြစ်မှသာ ပေးဆောင်ရန်"** ထည့်သွင်းဖော်ပြထားသဖြင့် အကျုံးဝင်သူအားလုံး အခွန်ပေးဆောင်နိုင်ရေးအတွက် ပြင်ဆင်ရခြင်းဖြစ်ပါသည်။ |

**ရည်ရွယ်ချက်**

နိုင်ငံဝန်ထမ်းများနှင့် ပုဂ္ဂလိကဝန်ထမ်းများနည်းတူ နိုင်ငံတော်အတွက် အခွန်တာဝန်ကို ထမ်းဆောင်နိုင်စေရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**လွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၇၃/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်

( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက် )

**ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်ကော်မတီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့ထားသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်ကော်မတီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
လွှတ်တော်ရုံး။

<u>**နောက်ဆက်တွဲ (က-၂)**</u>

**ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်ကော်မတီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)**

**( ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။ )**

၁၃၇၅ ခုနှစ်၊ လ ရက်

( ၂၀၁၃ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်ကော်မတီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်ကော်မတီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေတွင် ပုဒ်မ ၁၈ ကို ပယ်ဖျက်ရမည်။

၃။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်ကော်မတီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေတွင် ပါရှိသော ပုဒ်မ ၁၉ နှင့် ၂၀ တို့ကို ပုဒ်မ ၁၈ နှင့် ၁၉ တို့အဖြစ် အသီးသီးပြန်လည်အမှတ်စဉ်ရမည်။

| စဉ် | ဥပဒေ အမှတ် | ပုဒ်မ | မူလဥပဒေ | ပြင်ဆင်မည့်ဥပဒေ | ကျိုးကြောင်း ရှင်းလင်းတင်ပြချက် |
|---|---|---|---|---|---|
| ၃။ | ၄ | ၁၈ | ဤဥပဒေအရ ခံစားခွင့်ပြုသည့် ဝင်ငွေအရပ်ရပ်အပေါ် ဝင်ငွေခွန်ကောက်ခံခြင်းမှ ကင်းလွတ်စေရမည်။ | ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်ကော်မတီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေတွင် ပုဒ်မ ၁၈ ကို ပယ်ဖျက်ရမည်။ | ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၁၅-၃-၂၀၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ (၁၀၆/၂၀၁၂) နှင့် (၁၀၇/၂၀၁၂) ဖြင့် ထုတ်ပြန်ခဲ့သော ဝင်ငွေခွန်စည်းကြပ်ခြင်းဆိုင်ရာ အမိန့်ကြော်ငြာစာများတွင် **"မည်သူမဆို လစာခေါင်းစဉ်မှ ဝင်ငွေအပေါ် သတ်မှတ်ထားသော သက်သာခွင့်များ ခုနှိမ်ပြီးနောက် ကျန်လစာဝင်ငွေအပေါ်တွင် ဝင်ငွေခွန်ပေးဆောင်ရန်နှင့် ဝင်ငွေခွန်ပေးဆောင်ရာတွင်လည်း ပြန်တမ်းဝင်အရာရှိအဆင့်ဖြစ်မှသာ ပေးဆောင်ရန်"** ထည့်သွင်းဖော်ပြထားသဖြင့် အကျိုးဝင်သူအားလုံး အခွန်ပေးဆောင်နိုင်ရေးအတွက် ပြင်ဆင်ရခြင်းဖြစ်ပါသည်။ |

**ရည်ရွယ်ချက်**

နိုင်ငံ့ဝန်ထမ်းများနှင့် ပုဂ္ဂလိကဝန်ထမ်းများနည်းတူ နိုင်ငံတော်အတွက် အခွန်တာဝန်ကို ထမ်းဆောင်နိုင်စေရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**လွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၇၄/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်

( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက် )

**နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့ထားသော နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
လွှတ်တော်ရုံး။

<u>**နောက်ဆက်တွဲ (က-၃)**</u>

**နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)**

**( ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်       ။ )**

၁၃၇၅ ခုနှစ်၊            လ       ရက်

( ၂၀၁၃ ခုနှစ်၊            လ       ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေတွင် ပုဒ်မ ၁၈ ကို ပယ်ဖျက်ရမည်။

၃။ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေတွင် ပါရှိသော ပုဒ်မ ၁၉ နှင့် ၂၀ တို့ကို ပုဒ်မ ၁၈ နှင့် ၁၉ တို့အဖြစ် အသီးသီးပြန်လည် အမှတ်စဉ်ရမည်။

| စဉ် | ဥပဒေ အမှတ် | ပုဒ်မ | မူလဥပဒေ | ပြင်ဆင်မည့်ဥပဒေ | ကျိုးကြောင်း ရှင်းလင်းတင်ပြချက် |
|---|---|---|---|---|---|
| ၄။ | ၅ | ၁၈ | ဤဥပဒေအရ ခံစားခွင့်ပြုသည့် ဝင်ငွေအရပ်ရပ်အပေါ် ဝင်ငွေခွန်ကောက်ခံခြင်းမှ ကင်းလွတ်စေရမည်။ | နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေတွင် ပုဒ်မ ၁၈ ကို ပယ်ဖျက်ရမည်။ | ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၁၅-၃-၂၀၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ (၁၀၆/၂၀၁၂) နှင့် (၁၀၇/၂၀၁၂) ဖြင့် ထုတ်ပြန်ခဲ့သော ဝင်ငွေခွန်စည်းကြပ်ခြင်းဆိုင်ရာ အမိန့်ကြော်ငြာစာများတွင် **"မည်သူမဆို လစာခေါင်းစဉ်မှ ဝင်ငွေအပေါ် သတ်မှတ်ထားသော သက်သာခွင့်များ ခုနှိမ်ပြီးနောက် ကျန်လစာဝင်ငွေအပေါ်တွင် ဝင်ငွေခွန်ပေးဆောင်ရန်နှင့် ဝင်ငွေခွန်ပေးဆောင်ရာတွင်လည်း ပြန်တမ်းဝင်အရာရှိအဆင့်ဖြစ်မှသာ ပေးဆောင်ရန်"** ထည့်သွင်းဖော်ပြထားသဖြင့် အကျုံးဝင်သူအားလုံး အခွန်ပေးဆောင်နိုင်ရေးအတွက် ပြင်ဆင်ရခြင်းဖြစ်ပါသည်။ |

## ရည်ရွယ်ချက်

နိုင်ငံဝန်ထမ်းများနှင့် ပုဂ္ဂလိကဝန်ထမ်းများနည်းတူ နိုင်ငံတော်အတွက် အခွန်တာဝန်ကို ထမ်းဆောင်နိုင်စေရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**လွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၇၅/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်

( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက် )

**ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့်စရိတ်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့ထားသော ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့်စရိတ်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
လွှတ်တော်ရုံး။

**နောက်ဆက်တွဲ (က-၄)**

**ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)**

**( ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။ )**

၁၃၇၅ ခုနှစ်၊ လ ရက်

( ၂၀၁၃ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီး အဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့်စရိတ်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေတွင် ပုဒ်မ ၁၄ ကို ပယ်ဖျက်ရမည်။

၃။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေတွင် ပါရှိသော ပုဒ်မ ၁၅ နှင့် ၁၆ တို့ကို ပုဒ်မ ၁၄ နှင့် ၁၅ တို့အဖြစ် အသီးသီးပြန်လည် အမှတ်စဉ်ရမည်။

| စဉ် | ဥပဒေ အမှတ် | ပုဒ်မ | မူလဥပဒေ | ပြင်ဆင်မည့်ဥပဒေ | ကျိုးကြောင်း ရှင်းလင်းတင်ပြချက် |
| --- | --- | --- | --- | --- | --- |
| ၅။ | ၆ | ၁၄ | ဤဥပဒေအရ ခံစားခွင့်ပြုသည့် ဝင်ငွေအရပ်ရပ်အပေါ် ဝင်ငွေခွန်ကောက်ခံခြင်းမှ ကင်းလွတ်စေရမည်။ | ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီး အဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေတွင် ပုဒ်မ ၁၄ ကို ပယ်ဖျက်ရမည်။ | ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၁၅-၃-၂၀၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ (၁၀၆/၂၀၁၂) နှင့် (၁၀၇/၂၀၁၂) ဖြင့် ထုတ်ပြန်ခဲ့သော ဝင်ငွေခွန်စည်းကြပ်ခြင်းဆိုင်ရာ အမိန့်ကြော်ငြာစာများတွင် **"မည်သူမဆို လစာခေါင်းစဉ်မှ ဝင်ငွေအပေါ် သတ်မှတ်ထားသော သက်သာခွင့်များ ခုနှိမ်ပြီးနောက် ကျန်လစာဝင်ငွေအပေါ်တွင် ဝင်ငွေခွန်ပေးဆောင်ရန်နှင့် ဝင်ငွေခွန်ပေးဆောင်ရာတွင်လည်း ပြန်တမ်းဝင်အရာရှိအဆင့်ဖြစ်မှသာ ပေးဆောင်ရန်"** ထည့်သွင်းဖော်ပြထားသဖြင့် အကျုံးဝင်သူအားလုံး အခွန်ပေးဆောင်နိုင်ရေးအတွက် ပြင်ဆင်ရခြင်းဖြစ်ပါသည်။ |

**ရည်ရွယ်ချက်**

နိုင်ငံ့ဝန်ထမ်းများနှင့် ပုဂ္ဂလိကဝန်ထမ်းများနည်းတူ နိုင်ငံတော်အတွက် အခွန်တာဝန်ကို ထမ်းဆောင်နိုင်စေရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**လွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၇၆/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်

( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက် )

**မြန်မာနိုင်ငံကုန်စည်အမှတ်အသားများ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော မြန်မာနိုင်ငံကုန်စည်အမှတ်အသားများ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၅။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
လွှတ်တော်ရုံး။

# မြန်မာနိုင်ငံကုန်စည်အမှတ်အသားများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

**( ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၅။ )**

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်

( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **မြန်မာနိုင်ငံကုန်စည်အမှတ်အသားများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံကုန်စည်အမှတ်အသားများအက်ဥပဒေပုဒ်မ ၆ နှင့် ပုဒ်မ ၇ တို့တွင် ပါရှိသော "two hundred kyats" ဆိုသည့် စကားရပ်ကို "fifty thousand kyats" ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

၃။ မြန်မာနိုင်ငံကုန်စည်အမှတ်အသားများ အက်ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (၃) တွင် ပါရှိသော "fifty kyats" ဆိုသည့် စကားရပ်ကို "twenty thousand kyats" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ မြန်မာနိုင်ငံကုန်စည်အမှတ်အသားများ အက်ဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ (၂) တွင် ပါရှိသော -

(က) "one thousand kyats" ဆိုသည့် စကားရပ်ကို "one hundred thousand kyats" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) "to the State" ဆိုသည့် စကားရပ်ကို "to the Republic of the Union of Myanmar" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ မြန်မာနိုင်ငံကုန်စည်အမှတ်အသားများ အက်ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (၁) တွင် ပါရှိသော "President of the Union" ဆိုသည့် စကားရပ်ကို "relevant Ministry" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆။ မြန်မာနိုင်ငံကုန်စည်အမှတ်အသားများ အက်ဥပဒေပုဒ်မ ၁၉ တွင် ပါရှိသော "President of the Union" ဆိုသည့် စကားရပ်ကို "Ministry of Finance" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ မြန်မာနိုင်ငံကုန်စည်အမှတ်အသားများ အက်ဥပဒေပုဒ်မ ၂၀ တွင် -

(က) ပုဒ်မခွဲ (၁) ၌ ပါရှိသော "President of the Union" ဆိုသည့် စကားရပ်ကို "Ministry of Commerce may, with the approval of the Union Government" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (၄) ၌ ပါရှိသော " President of the Union" ဆိုသည့် စကားရပ်ကို "Ministry of Commerce with the approval of the Union Government" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၂၂/၂၀၁၃**

၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၄ ရက်

( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၅ ရက် )

**အလုပ်သမားရပိုင်ခွင့် ကာကွယ်စောင့်ရှောက်ရေးကော်မတီ ဖွဲ့စည်းခြင်း**

၁။ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၇၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေများ၏ နည်းဥပဒေ ၇၉ နှင့် အမျိုးသားလွှတ်တော် အစည်းအဝေးဆုံးဖြတ်ချက်တို့အရ အလုပ်သမားရပိုင်ခွင့် ကာကွယ်စောင့်ရှောက်ရေးကော်မတီကို အောက်ပါ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဒေါက်တာမြင့်ကြည် | မဲဆန္ဒနယ်အမှတ် (၈)၊ ရန်ကုန်တိုင်းဒေသကြီး | ဥက္ကဋ္ဌ |
| (ခ) | ဒေါက်တာထွန်းလွင် | မဲဆန္ဒနယ်အမှတ် (၉)၊ ကချင်ပြည်နယ် | |
| (ဂ) | ဦးဖိုးဇော် | မဲဆန္ဒနယ်အမှတ် (၂)၊ ပဲခူးတိုင်းဒေသကြီး | |
| (ဃ) | ဦးသော်ဇင်ဦး | မဲဆန္ဒနယ်အမှတ် (၉)၊ မကွေးတိုင်းဒေသကြီး | |
| (င) | ဦးဝင်းမောင် | မဲဆန္ဒနယ်အမှတ် (၄)၊ မန္တလေးတိုင်းဒေသကြီး | |
| (စ) | ဒေါက်တာကျော်သိန်း | မဲဆန္ဒနယ်အမှတ် (၄)၊ မွန်ပြည်နယ် | |
| (ဆ) | ဦးဇော်ဝင်း | မဲဆန္ဒနယ်အမှတ် (၁၀)၊ မွန်ပြည်နယ် | |
| (ဇ) | ဦးဆွေအောင် | မဲဆန္ဒနယ်အမှတ် (၁၂)၊ ရန်ကုန်တိုင်းဒေသကြီး | |
| (ဈ) | ဦးစိုးဟန်လင်း | မဲဆန္ဒနယ်အမှတ် (၁)၊ ဧရာဝတီတိုင်းဒေသကြီး | |

| | | |
|---|---|---|
| (ည) | ဦးစိုးဝင်း | မဲဆန္ဒနယ်အမှတ် (၂)၊ ဧရာဝတီတိုင်းဒေသကြီး |
| (ဋ) | ဦးလှိုင်ဦး | မဲဆန္ဒနယ်အမှတ် (၁၂)၊ ဧရာဝတီတိုင်းဒေသကြီး |
| (ဌ) | ဗိုလ်မှူးအောင်မြင့်ဟန် | တပ်မတော်သားကိုယ်စားလှယ် |
| (ဍ) | ဗိုလ်မှူးဝင်းသိန်း | တပ်မတော်သားကိုယ်စားလှယ် |
| (ဎ) | ဗိုလ်မှူးအောင်နိုင်ဦး (လေ) | တပ်မတော်သားကိုယ်စားလှယ် |
| (ဏ) | ဦးအောင်ချိုဦး | မဲဆန္ဒနယ်အမှတ် (၁၁)၊ ပဲခူးတိုင်းဒေသကြီး အတွင်းရေးမှူး |

**လုပ်ငန်းတာဝန်များ**

၂။ (က) **ပြည်တွင်းအလုပ်သမားများအခွင့်အရေးဆိုင်ရာကိစ္စရပ်များ**

လုပ်ငန်းခွင်သာယာရေး၊ အလုပ်သမားများ လုပ်ငန်းခွင်ကျွမ်းကျင်မှုလေ့ကျင့်ရေး၊ အလုပ်သမားဥပဒေပါ အကျိုးခံစားခွင့်ရရှိရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ လူမှုဖူလုံရေး၊ အပြည်ပြည်ဆိုင်ရာနှင့်ဒေသဆိုင်ရာ အလုပ်သမားရေးရာကိစ္စရပ်များအတွင်း ပါဝင်ဆောင်ရွက်နိုင်ရေးတို့ဖြစ်သည်။

(ခ) **ပြည်ပရောက်အလုပ်သမားများအခွင့်အရေးကာကွယ်စောင့်ရှောက်မှု**

နိုင်ငံခြားတိုင်းပြည်များ၏ အလုပ်သမားဥပဒေ၊ လုပ်ခလစာနှင့်တကွ အခြားရပိုင်ခွင့်များကို ရရှိရေး၊ လွယ်ကူစွာ လစာငွေပြန်ပို့နိုင်ရေး၊ မတရားခြယ်လှယ်မှုများရှိပါက ကာကွယ်စောင့်ရှောက်ပေးနိုင်ရန်တို့ဖြစ်သည်။

(ဂ) **အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ်၏စံနှုန်းများ**

မြန်မာနိုင်ငံတွင် ခေတ်နှင့်လျော်ညီသော အလုပ်သမားဥပဒေများကို အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်၏စံနှုန်းများနှင့်အညီ ဖြစ်ပေါ်စေရေးဖြစ်သည်။

(ဃ) **ပဋိပက္ခများ ပေါ်ပေါက်လာပါက ငြိမ်းချမ်းစွာဖြေရှင်းရေး**

အလုပ်ရှင်၊ အလုပ်သမား အငြင်းပွားမှုရှိလာပါက အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းတို့ဖြင့် စေ့စပ်ဖြေရှင်းရေးအဆင့်တွင် မပြီးပြတ်ပါက သက်ဆိုင်ရာသို့ အယူခံနိုင်သည်။ အယူခံနိုင်ရန် အလုပ်သမားရေးရာနှင့်ဆိုင်သောရုံးများရှိရေးဖြစ်သည်။

၃။ ကော်မတီသည် မိမိ၏လေ့လာတွေ့ရှိချက်များအပေါ် မူတည်၍ လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် လွှတ်တော်သို့ အဆိုတင်သွင်းနိုင်သည်။

**ကော်မတီ၏လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းသတ်မှတ်ခြင်း**

၄။ ကော်မတီသည် ပြည်တွင်း၊ ပြည်ပအလုပ်သမားအဖွဲ့အစည်းများမှ တာဝန်ရှိသူများကိုလည်းကောင်း၊ ပြည်တွင်းပြည်ပအလုပ်သမားအဖွဲ့အစည်းတို့မှ ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များကိုလည်းကောင်း ဖိတ်ကြားပြီး မေးမြန်းဆွေးနွေးနိုင်သည်။

၅။ ထို့အပြင် ကော်မတီသည် အဖွဲ့ခွဲ၍ဖြစ်စေ၊ လိုအပ်သောပုဂ္ဂိုလ်များနှင့် ပေါင်းစပ်ဖွဲ့စည်း၍ဖြစ်စေ လိုအပ်သည့် ပြည်တွင်းနေရာဒေသ၊ ပြည်တွင်းပြည်ပအလုပ်သမားအဖွဲ့ အစည်းအရုံးများသို့ တာဝန်အရ သွားရောက်လေ့လာဆောင်ရွက်နိုင်သည်။ ထိုသို့ သွားရောက်လေ့လာဆောင်ရွက်နိုင်ရန်အတွက် လွှတ်တော်ရုံးသို့ ခရီးစဉ်နှင့် အုပ်ချုပ်မှုဆိုင်ရာလိုအပ်သည်များကို ကြိုတင်ညှိနှိုင်းတင်ပြပြီး လွှတ်တော်ရုံး၏ စီစဉ်ပေးမှုဖြင့် ဆောင်ရွက်ရမည်။

၆။ ကော်မတီ၏ လေ့လာတွေ့ရှိချက်များအရ ပြည်ထောင်စုအစိုးရအဖွဲ့ကဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့ကဖြစ်စေ ပြုပြင်ပြောင်းလဲစီစဉ်ဆောင်ရွက်ပေးရန်သင့်သော သို့မဟုတ် လိုအပ်သလို

အရေးယူဆောင်ရွက်ရန်သင့်သော တွေ့ရှိချက်များရှိပါက လွှတ်တော်ဥက္ကဋ္ဌထံသို့ သက်ဆိုင်ရာအမှုတွဲနှင့်တကွ ပြည့်စုံစွာပြုစုတင်ပြရမည်။

၇။ ပြည်တွင်း၊ ပြည်ပ အလုပ်သမားအဖွဲ့အစည်းများနှင့်ပတ်သက်၍ ကော်မတီသည် လွှတ်လပ်စွာ တွေ့ဆုံဆွေးနွေးခြင်း၊ အခက်အခဲနှင့် လိုအပ်ချက်များ မေးမြန်းခြင်း၊ ဥပဒေနှင့်ညီညွတ်သော အကြံဉာဏ်များ ပေးခြင်း၊ လုပ်ငန်းတိုးတက်အောင်မြင်မှုရှိစေရေးအတွက် လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းပေးခြင်းများ ပြုလုပ်ဆောင်ရွက်နိုင်သည်။

၈။ ပြည်တွင်း၊ ပြည်ပ အလုပ်သမားအဖွဲ့အစည်းများနှင့်ပတ်သက်၍ မိမိက ဆက်သွယ်ဆောင်ရွက်လိုလျှင်ဖြစ်စေ၊ သွားရောက်လေ့လာနိုင်ရန်ဖြစ်စေ လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြ၍ ဥက္ကဋ္ဌ၏ခွင့်ပြုချက်အရ လွှတ်တော်ရုံး၏အစီအစဉ်ဖြင့်သာ တရားဝင်ဆောင်ရွက်ခွင့်ရှိသည်။

၉။ ပြည်တွင်း၊ ပြည်ပ အလုပ်သမားအဖွဲ့အစည်းများက ကော်မတီ (သို့မဟုတ်) ကော်မတီဝင်ထံသို့ ဆက်သွယ်လာလျှင် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြ၍ ခွင့်ပြုချက်နှင့်အညီ လက်ခံတွေ့ဆုံဆွေးနွေးခြင်း၊ ညှိနှိုင်းခြင်း၊ သတင်းထုတ်ပြန်ခြင်း ပြုနိုင်သည်။ အကယ်၍ လွှတ်တော်ဥက္ကဋ္ဌထံသို့ တင်ပြရန် အချိန်မမီပါက တွေ့ဆုံဆွေးနွေးခြင်း၊ ညှိနှိုင်းခြင်းဆောင်ရွက်ချက်များကို လွှတ်တော်ဥက္ကဋ္ဌအား အချိန်နှင့်တစ်ပြေးညီ တင်ပြရမည်။

၁၀။ ပြည်တွင်း၊ ပြည်ပ အလုပ်သမားအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးဆောင်ရွက်ချက်များအား ဦးစားပေးအစီအစဉ်အလိုက် လွှတ်တော်ဥက္ကဋ္ဌထံသို့ အစီရင်ခံစာများကို ပြုစုတင်ပြသွားရမည်။

၁၁။ ကော်မတီဝင်များသည် ကော်မတီ၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်ဖြစ်စေ၊ ကော်မတီ အစည်းအဝေးတက်ရောက်ရန်ဖြစ်စေ တာဝန်အရ ခရီးသွားလာခြင်းအတွက် ခရီးစရိတ်နှင့် ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေထိုင်စဉ် တည်းခိုနေထိုင်စရိတ်၊ စားသောက်စရိတ်နှင့် အခြားစရိတ်များအား တည်ဆဲဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထုတ်ယူခံစားခွင့်ရှိသည်။

၁၂။ ကော်မတီဝင်များသည် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များဖြစ်သည်နှင့်အညီ တာဝန်ဖြင့် ခရီးသွားလာခြင်းနှင့် တည်းခိုနေထိုင်ခြင်းအတွက် အုပ်ချုပ်မှုနှင့် နေရာထိုင်ခင်းများအား လွှတ်တော်ရုံးက သင့်လျော်သလို စီစဉ်ဆောင်ရွက်ပေးရမည်။

၁၃။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီ၏သက်တမ်း တစ်နှစ်ပြည့်မြောက်သည့်အခါ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုးတာဝန်ပေးအပ်နိုင်သည်။

**အထွေထွေ**

၁၄။ ပြည်တွင်းပြည်ပအလုပ်သမားများနှင့်သက်ဆိုင်သော ဥပဒေများကို လေ့လာ၍ ဥပဒေရေးဆွဲရန် သက်ဆိုင်ရာဝန်ကြီးဌာန အဖွဲ့အစည်းတို့နှင့် ဆွေးနွေးညှိနှိုင်းဆောင်ရွက်ရန်လည်း လိုအပ်ပါသည်။

(ပုံ) ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၂၃/၂၀၁၃**

၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၄ ရက်

( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၅ ရက် )

**အပြည်ပြည်ဆိုင်ရာလွှတ်တော်ချင်းချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ ဖွဲ့စည်းခြင်း**

၁။ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၇၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေများ၏ နည်းဥပဒေ ၇၉ နှင့် အမျိုးသားလွှတ်တော် အစည်းအဝေးဆုံးဖြတ်ချက်တို့အရ အပြည်ပြည်ဆိုင်ရာ လွှတ်တော်ချင်းချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီကို အောက်ပါ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဦးခင်မောင်ရီ | မဲဆန္ဒနယ်အမှတ် (၆)၊ ဧရာဝတီတိုင်းဒေသကြီး | ဥက္ကဋ္ဌ |
| (ခ) | ဦးဌေးရယ် | မဲဆန္ဒနယ်အမှတ် (၇)၊ ကယားပြည်နယ် | |
| (ဂ) | ဦးမန်းအောင်တင်မြင့် | မဲဆန္ဒနယ်အမှတ် (၁၂)၊ ကရင်ပြည်နယ် | |
| (ဃ) | ဦးနိန်းခင်းပေါင် | မဲဆန္ဒနယ်အမှတ် (၇)၊ ချင်းပြည်နယ် | |
| (င) | ဦးတင်ရှန် | မဲဆန္ဒနယ်အမှတ် (၆)၊ တနင်္သာရီတိုင်းဒေသကြီး | |
| (စ) | ဦးမင်းဦး | မဲဆန္ဒနယ်အမှတ် (၇)၊ ပဲခူးတိုင်းဒေသကြီး | |
| (ဆ) | ဦးကျော်သူဦး | မဲဆန္ဒနယ်အမှတ် (၅)၊ မကွေးတိုင်းဒေသကြီး | |
| (ဇ) | ဦးတင်ဝင်း | မဲဆန္ဒနယ်အမှတ် (၈)၊ မကွေးတိုင်းဒေသကြီး | |
| (ဈ) | ဦးဝင်းမောင် | မဲဆန္ဒနယ်အမှတ် (၂)၊ မန္တလေးတိုင်းဒေသကြီး | |
| (ည) | ဒေါက်တာညီညီထွန်း | မဲဆန္ဒနယ်အမှတ် (၁၁)၊ မွန်ပြည်နယ် | |
| (ဋ) | ဦးခင်မောင် (ခ) ဦးအောင်ကျော်ဦး | မဲဆန္ဒနယ်အမှတ် (၃)၊ ရခိုင်ပြည်နယ် | |
| (ဌ) | ဦးစိုင်းသန့်ဇင် | မဲဆန္ဒနယ်အမှတ် (၄)၊ ရှမ်းပြည်နယ် | |
| (ဍ) | ဒေါက်တာမြတ်ဉာဏစိုး | မဲဆန္ဒနယ်အမှတ် (၄)၊ ရန်ကုန်တိုင်းဒေသကြီး | |
| (ဎ) | ဗိုလ်မှူးအောင်ကျော်ဇော | တပ်မတော်သားကိုယ်စားလှယ် | |
| (ဏ) | ဦးသက်လင်း | မဲဆန္ဒနယ်အမှတ် (၈)၊ ဧရာဝတီတိုင်းဒေသကြီး | အတွင်းရေးမှူး |

**လုပ်ငန်းတာဝန်များ**

၂။ ကော်မတီ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အပြည်ပြည်ဆိုင်ရာလွှတ်တော်များ၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များကို Website များမှတစ်ဆင့် လေ့လာမှတ်တမ်းပြုစုထားရှိခြင်း၊

(ခ) IPU, AIPA စသော အပြည်ပြည်ဆိုင်ရာလွှတ်တော်များအဖွဲ့တို့နှင့်လည်း ချိတ်ဆက်နိုင်ရန် သက်ဆိုင်ရာကော်မတီများနှင့် ပေါင်းစပ်ဆောင်ရွက်ခြင်း၊

(ဂ) အမျိုးသားလွှတ်တော်၏ ကိုယ်စားလှယ်အဖွဲ့များ၏ လွှတ်တော်ချစ်ကြည်ရေး ပြည်ပခရီးစဉ် မှတ်တမ်းများကို ရယူ၍ စုစည်းထားရှိခြင်း၊

(ဃ) အထက်ပါနည်းလမ်းများဖြင့် စုဆောင်းထားရှိသော အပြည်ပြည်ဆိုင်ရာလွှတ်တော်များနှင့် စပ်လျဉ်းသည့် ကိစ္စများမှ မိမိကော်မတီဝင်များ သိရှိသင့်သည့် အကြောင်းအရာများကို အစည်း အဝေးများ၌ ချပြခြင်း၊ လေ့လာစေခြင်း၊ ဆွေးနွေးစေရန် စီစဉ်ပေးခြင်း၊

(င) အပြည်ပြည်ဆိုင်ရာလွှတ်တော်များ၏ ကိုယ်စားလှယ်အဖွဲ့များ လာရောက်၍ လွှတ်တော်ဥက္ကဋ္ဌအား ဂါရဝပြုတွေ့ဆုံသည့်အစီအစဉ်များတွင် လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် တက်ရောက်ခြင်း၊ အခြေအနေခွင့်ပြုပါက ကော်မတီဝင်များနှင့် မိတ်ဆက်ခြင်း၊ မေးမြန်းဆွေးနွေးခြင်း၊ အတွေ့အကြုံ ဖလှယ်ခြင်း၊

(စ) အပြည်ပြည်ဆိုင်ရာလွှတ်တော်များနှင့်စပ်လျဉ်းသည့် အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ရက်တိုသင်တန်းများ မြန်မာနိုင်ငံ၌ ကျင်းပလာပါက ကော်မတီဝင်များ အလှည့်ကျတက်ရောက် ပါဝင်ဆွေးနွေးစေခြင်း၊ အတွေ့အကြုံပြန်လည်ရှင်းလင်းနိုင်စေရန် စီစဉ်ပေးခြင်း၊

(ဆ) လွှတ်တော်ချင်းချစ်ကြည်ရင်းနှီးရေးအတွက် ကိုယ်စားလှယ်အဖွဲ့များ အပြန်အလှန်သွားရောက် လေ့လာရေးခရီးစဉ်များ ပေါ်ထွန်းလာစေရန် လွှတ်တော်ဥက္ကဋ္ဌက ခွင့်ပြုသည့်အစီအစဉ်နှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊

(ဇ) မိမိကော်မတီ၏ဆောင်ရွက်ချက်များကို လွှတ်တော် Website တွင် လွှင့်တင်နိုင်ရေး ဦးတည် ဆောင်ရွက်ခြင်း၊

(ဈ) မိမိကော်မတီနှင့် နိုင်ငံတကာဆက်ဆံရေးကော်မတီ အမြဲမပြတ်ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း၊

(ည) လွှတ်တော်တွင် ဖွဲ့စည်းပြီးဖြစ်သော မြန်မာနှင့်အခြားနိုင်ငံ လွှတ်တော်ချင်းချစ်ကြည်ရင်းနှီးရေး အသင်းများနှင့် ပေါင်းစပ်လုပ်ကိုင်ရန် ညှိနှိုင်းခြင်း၊

(ဋ) မိမိကော်မတီရုံးဝန်ထမ်းများ လုပ်ငန်းကျွမ်းကျင်မှုနှင့် အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှု ရရှိရေးကို ဦးတည်ကြိုးပမ်းခြင်း၊

(ဌ) လွှတ်တော်ဥက္ကဋ္ဌက ပေးအပ်သည့် အခြားလုပ်ငန်းတာဝန်များ ဆောင်ရွက်ခြင်း။

**ကော်မတီ၏လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းသတ်မှတ်ခြင်း**

၃။ ကော်မတီ၏လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းသည် အမျိုးသားလွှတ်တော်ဥပဒေပုဒ်မ (၃၀) ပါ ပြဋ္ဌာန်းချက်များအတိုင်းဖြစ်သည်။

**အထွေထွေ**

၄။ ကော်မတီ၏ပုံမှန်အစည်းအဝေးများကို နှစ်ပတ်လျှင် တစ်ကြိမ် ကြိုတင်ညှိနှိုင်းဖိတ်ကြားချက်ဖြင့် ကျင်းပရန်၊ ကော်မတီဝင်များ ဖြစ်နိုင်သမျှ စုံညီစွာတက်ရောက်ရန်ဖြစ်သည်။ မတက်ရောက်နိုင်ပါက ခွင့်ပန် ကြားရန် ဖြစ်ပါသည်။

၅။ ကော်မတီ၏ရုံး၊ ရုံးအဖွဲ့၊ ရုံးအသုံးအဆောင်ပစ္စည်း၊ လုပ်ငန်းသုံးပစ္စည်း စသည်တို့ကို အမျိုးသား လွှတ်တော်၊ ရေးရာကော်မတီများနှင့် လွှတ်တော်အုပ်ချုပ်မှုမူဝါဒဆိုင်ရာ လုပ်ငန်းညှိနှိုင်းကွပ်ကဲရေးအဖွဲ့သို့ တင်ပြညှိနှိုင်းဆောင်ရွက်သွားရန်ဖြစ်ပါသည်။

၆။ ကော်မတီ၏လုပ်ငန်းရှင်သန်သွက်လက်ရေးအတွက် ကော်မတီဝင်အားလုံး ပွင့်လင်းရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရန်ဖြစ်ပါသည်။

(ပုံ) ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၂၄/၂၀၁၃**

၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၄ ရက်

( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၅ ရက် )

**အမျိုးသားစီမံကိန်းနှင့်ဖွံ့ဖြိုးမှုစီမံကိန်းများရေးရာကော်မတီ ဖွဲ့စည်းခြင်း**

၁။ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၇၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေများ၏ နည်းဥပဒေ ၇၉ နှင့် အမျိုးသားလွှတ်တော် အစည်းအဝေးဆုံးဖြတ်ချက်တို့အရ အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးမှုစီမံကိန်းများရေးရာကော်မတီကို အောက်ပါ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဦးမျိုးမြင့် | မဲဆန္ဒနယ်အမှတ် (၆)၊ မန္တလေးတိုင်းဒေသကြီး | ဥက္ကဋ္ဌ |
| (ခ) | ဦးစံပြည့် | မဲဆန္ဒနယ်အမှတ် (၇)၊ ကချင်ပြည်နယ် | |
| (ဂ) | ဒေါ်နော်မေးရီယန် | မဲဆန္ဒနယ်အမှတ် (၄)၊ ကယားပြည်နယ် | |
| (ဃ) | ဦးစတီဗင်သာဘိတ် | မဲဆန္ဒနယ်အမှတ် (၄)၊ ချင်းပြည်နယ် | |
| (င) | ဒေါက်တာဝင်းမြင့်အောင် | မဲဆန္ဒနယ်အမှတ် (၄)၊ စစ်ကိုင်းတိုင်းဒေသကြီး | |
| (စ) | ဦးကံညွန့် | မဲဆန္ဒနယ်အမှတ် (၅)၊ စစ်ကိုင်းတိုင်းဒေသကြီး | |
| (ဆ) | ဦးတိုးဝင်း | မဲဆန္ဒနယ်အမှတ် (၁၂)၊ တနင်္သာရီတိုင်းဒေသကြီး | |
| (ဇ) | ဦးသက်နိုင်ဦး | မဲဆန္ဒနယ်အမှတ် (၆)၊ ပဲခူးတိုင်းဒေသကြီး | |
| (ဈ) | ဦးအေး | မဲဆန္ဒနယ်အမှတ် (၇)၊ မန္တလေးတိုင်းဒေသကြီး | |
| (ည) | ဦးဇော်နိုင်ဦး | မဲဆန္ဒနယ်အမှတ် (၁၂)၊ မွန်ပြည်နယ် | |
| (ဋ) | ဦးဌေးဝင်း (ခ) ဇာယာဒ်ရော်မံ | မဲဆန္ဒနယ်အမှတ် (၇)၊ ရခိုင်ပြည်နယ် | |
| (ဌ) | ဦးစိုင်းကျော်ဇောသန်း | မဲဆန္ဒနယ်အမှတ် (၂)၊ ရှမ်းပြည်နယ် | |
| (ဍ) | ဦးရှုမောင် | မဲဆန္ဒနယ်အမှတ် (၈)၊ ရှမ်းပြည်နယ် | |
| (ဎ) | ဗိုလ်မှူးဝင်းကျော်ကျော် | တပ်မတော်သားကိုယ်စားလှယ် | |
| (ဏ) | ဒေါ်ရီရီမြင့် | မဲဆန္ဒနယ်အမှတ် (၁)၊ မွန်ပြည်နယ် | အတွင်းရေးမှူး |

**လုပ်ငန်းတာဝန်များ**

၂။ ကော်မတီ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) လွှတ်တော်ဥက္ကဋ္ဌ၏ တာဝန်ပေးချက်အရ နိုင်ငံတော်ဖွံ့ဖြိုးရေးစီမံကိန်းများဆိုင်ရာကိစ္စများကို လေ့လာစိစစ်၍ ဥက္ကဋ္ဌထံ တင်ပြရမည်။

(ခ) ယင်းတင်ပြချက်များအနက် လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်သို့ ဆက်လက်တင်ပြရှင်းလင်းသင့်သည်များကို ညွှန်ကြားလာပါက ယင်းညွှန်ကြားချက်နှင့်အညီ ကော်မတီ၏လေ့လာစိစစ်တွေ့ရှိချက်ကို လွှတ်တော်သို့ တင်ပြရမည်။

(ဂ) ကော်မတီသည် အောက်ပါလုပ်ငန်းဆိုင်ရာများကို လေ့လာစိစစ်၍ လွှတ်တော်သို့ အထောက်အကူပြုနိုင်ရန် ကြိုးပမ်းဆောင်ရွက်ရမည် -

(၁) ပြည်ထောင်စုအစိုးရအဖွဲ့က ရေးဆွဲအကောင်အထည်ဖော်သော အမျိုးသားစီမံကိန်းများနှင့် အကျိုးသက်ရောက်မှုအခြေအနေ၊

(၂) ပြည်ထောင်စုဝန်ကြီးဌာနများက အမျိုးသားဖွံ့ဖြိုးမှုစီမံကိန်း၏ ကာလတို (၅) နှစ်စီမံကိန်းနှင့် ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်မည့် စီမံကိန်းများ၏လုပ်ငန်းများ၊ လျာထားချက်၊ ရ/သုံးမှန်းခြေအသုံးစရိတ် ရန်ပုံငွေတောင်းခံချက်များအပေါ် စိစစ်သုံးသပ်ချက်၊

(၃) ပြည်ထောင်စုဝန်ကြီးဌာနများနှင့် အုပ်ချုပ်မှုအောက်ရှိ နိုင်ငံတော်ဖွံ့ဖြိုးမှုစီမံကိန်းများကို ဘဏ္ဍာနှစ်အလိုက် နှစ်တို/နှစ်ရှည် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သင့်လျော်သော ကာလအပိုင်းအခြားအတွင်း လုပ်ငန်းတိုးတက်မှုအခြေအနေများ တောင်းခံရယူသုံးသပ်ခြင်း၊

(၄) ပြည်ထောင်စုဝန်ကြီးဌာနအလိုက် အကောင်အထည်ဖော်လျက်ရှိသော စီမံကိန်းများ၏ အကျိုးသက်ရောက်မှုအခြေအနေ၊

(၅) နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ ညှိနှိုင်းဆက်စပ်ပူးပေါင်းအကောင်အထည်ဖော်နေသော နိုင်ငံတော်စီမံကိန်းများအခြေအနေ (ဥပမာ-ဆင်းရဲမှုလျှော့ချနိုင်ရေးစီမံကိန်း/ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်မည့် စီမံကိန်းများအခြေအနေ စသည်)၊

(၆) ပြည်ထောင်စုမြန်မာနိုင်ငံသို့ လာရောက်လုပ်ကိုင်ကြသော ပြည်ပရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ၏ ယေဘုယျအကျိုးသက်ရောက်မှု၊

(၇) နိုင်ငံတကာစီးပွားရေးဖြစ်ပေါ်မှုအခြေအနေနှင့် မိမိနိုင်ငံ၏ စီးပွားရေးအခြေအနေတို့ကို ဆက်စပ်၍ နိုင်ငံတော်စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်းပြီး အကြံပြုသင့်သည့်အချက်အလက်များ၊

(၈) ယခင်ခေတ်အဆက်ဆက် အစိုးရအဖွဲ့များ၏ ဆောင်ရွက်ခဲ့သော စီးပွားရေးစီမံကိန်းများနှင့် ရယူသင့်သော လက်တွေ့သင်ခန်းစာများ၊

(၉) သိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးမှု၊ မိမိနိုင်ငံ၏သယံဇာတပစ္စည်းအခြေအနေနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုအခြေအနေတို့အပေါ် မှီတည်၍ နိုင်ငံတော်အား စဉ်ဆက်မပြတ်ရေရှည်ဖွံ့ဖြိုးတိုးတက်စေမည့် စီမံကိန်းဆိုင်ရာအချက်အလက်များ၊

(၁၀) ပြည်ထောင်စုဝန်ကြီးဌာနများက ဆောင်ရွက်ပြီး/ဆောင်ရွက်ဆဲ/ဆောင်ရွက်ရမည့် ဖွံ့ဖြိုးရေးစီမံကိန်းများဆိုင်ရာ ကိန်းဂဏန်းအချက်အလက် စာရင်းဇယားများအပေါ် စိစစ်သုံးသပ်ချက်၊

(၁၁) လွှတ်တော်ဥက္ကဋ္ဌက အခါအားလျော်စွာပေးအပ်သော အခြားလုပ်ငန်းတာဝန်များ။

**ကော်မတီ၏လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းသတ်မှတ်ခြင်း**

၃။ ကော်မတီ၏လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းသည် အမျိုးသားလွှတ်တော်ဥပဒေပုဒ်မ (၃၀) ပါ ပြဋ္ဌာန်းချက်များအတိုင်းဖြစ်ပါသည်။

**အထွေထွေ**

၄။ ကော်မတီ၏ရုံးအဖွဲ့ကို ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးက တာဝန်ယူကြီးကြပ်ရန်နှင့် အစည်းအဝေးမှတ်တမ်းများကို အတွင်းရေးမှူး၏ကြီးကြပ်မှုဖြင့် ရုံးအဖွဲ့က တာဝန်ယူဆောင်ရွက်သွားရန်ဖြစ်သည်။

၅။ ကော်မတီ၏ပုံမှန်အစည်းအဝေးများကို နှစ်ပတ်လျှင် တစ်ကြိမ် ကြိုတင်ညှိနှိုင်းဖိတ်ကြားမှုများဖြင့် ကျင်းပသွားရန် ကော်မတီဝင်များ ဖြစ်နိုင်သမျှ စုံညီစွာတက်ရောက်ရန်နှင့် မတက်ရောက်နိုင်ပါက ခွင့်ပန်ကြားစေရန် ဖြစ်ပါသည်။

၆။ ကော်မတီ၏ရုံး၊ ရုံးအဖွဲ့၊ ရုံးအသုံးအဆောင်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်း စသည်တို့ကို အမျိုးသားလွှတ်တော်ရေးရာကော်မတီများနှင့် လွှတ်တော်အုပ်ချုပ်မှုဝါဒဆိုင်ရာ လုပ်ငန်းညှိနှိုင်းကွပ်ကဲရေးအဖွဲ့သို့ တင်ပြညှိနှိုင်းဆောင်ရွက်သွားရန် ဖြစ်ပါသည်။

၇။ ကော်မတီအဖွဲ့ဝင်များသည် လုပ်ငန်းထက်မြက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ကော်မတီဝင်အချင်းချင်း ပွင့်လင်းရင်းနှီးစွာဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရန် ဖြစ်ပါသည်။

(ပုံ) ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၂၅/၂၀၁၃**

၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၄ ရက်

( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၅ ရက် )

**သတ္တုနှင့်သယံဇာတရေးရာကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၇၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေများ၏ နည်းဥပဒေ ၇၉ နှင့် အမျိုးသားလွှတ်တော် အစည်းအဝေးဆုံးဖြတ်ချက်တို့အရ ဖွဲ့စည်းထားသော သတ္တုနှင့်သယံဇာတရေးရာကော်မတီကို အောက်ပါ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဦးနေဝင်းထွန်း | မဲဆန္ဒနယ်အမှတ် (၉)၊ ရှမ်းပြည်နယ် | ဥက္ကဋ္ဌ |
| (ခ) | ဦးဘရန်ရှောင် | မဲဆန္ဒနယ်အမှတ် (၃)၊ ကချင်ပြည်နယ် | |
| (ဂ) | ဦးနှင်းဝေ | မဲဆန္ဒနယ်အမှတ် (၁၂)၊ ကယားပြည်နယ် | |
| (ဃ) | ဦးစောငြိမ်းသင် | မဲဆန္ဒနယ်အမှတ် (၃)၊ ကရင်ပြည်နယ် | |
| (င) | ဦးစောတော်ပလဲ | မဲဆန္ဒနယ်အမှတ် (၇)၊ ကရင်ပြည်နယ် | |
| (စ) | ဒေါက်တာမြင့်နိုင် | မဲဆန္ဒနယ်အမှတ် (၃)၊ စစ်ကိုင်းတိုင်းဒေသကြီး | |
| (ဆ) | ဦးသိန်းလှိုင် | မဲဆန္ဒနယ်အမှတ် (၈)၊ စစ်ကိုင်းတိုင်းဒေသကြီး | |
| (ဇ) | ဦးအောင်ဝင်း | မဲဆန္ဒနယ်အမှတ် (၄)၊ တနင်္သာရီတိုင်းဒေသကြီး | |
| (ဈ) | ဦးမောင်စိန် | မဲဆန္ဒနယ်အမှတ် (၅)၊ တနင်္သာရီတိုင်းဒေသကြီး | |
| (ည) | ဦးထွန်းဇော် (ခ) ကိုပေါက် | မဲဆန္ဒနယ်အမှတ် (၁၂)၊ ပဲခူးတိုင်းဒေသကြီး | |
| (ဋ) | ဦးမင်းလွန်းအောင် | မဲဆန္ဒနယ်အမှတ် (၃)၊ မွန်ပြည်နယ် | |
| (ဌ) | ဦးစောအုန်း | မဲဆန္ဒနယ်အမှတ် (၉)၊ မွန်ပြည်နယ် | |
| (ဍ) | ဦးဝီလ်ဆင်မိုး | မဲဆန္ဒနယ်အမှတ် (၇)၊ ရှမ်းပြည်နယ် | |
| (ဎ) | ဦးလှိုင်ဦး | မဲဆန္ဒနယ်အမှတ် (၁၂)၊ ဧရာဝတီတိုင်းဒေသကြီး | |
| (ဏ) | ဦးလှဆွေ | မဲဆန္ဒနယ်အမှတ် (၁၂)၊ မကွေးတိုင်းဒေသကြီး | အတွင်းရေးမှူး |

**ကော်မတီ၏တာဝန်**

၂။ ကော်မတီသည် အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ-၃၁ အရ လွှတ်တော်ကို တာဝန်ခံရမည်။ လွှတ်တော်အစည်းအဝေးကျင်းပချိန်မဟုတ်လျှင် လွှတ်တော်ဥက္ကဋ္ဌကို တာဝန်ခံရမည်။

၃။ လွှတ်တော်ဥက္ကဋ္ဌက လိုအပ်၍ဖြစ်စေ၊ သင့်လျော်၍ဖြစ်စေ လေ့လာစေသော (သို့မဟုတ်) ဆောင်ရွက်စေသော အထူးကိစ္စရပ်များကိုလည်း ညွှန်ကြားချက်နှင့်အညီ လိုက်နာဆောင်ရွက်၍ သတ်မှတ်သည့်အတိုင်း အစီရင်ခံစာ ပြုစုတင်ပြရမည်။

၄။ လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်တွင် တင်သွင်းကြောင်း မှတ်ချက်ပြုသော အစီရင်ခံစာပါ အကြောင်းအရာနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

၅။ ကော်မတီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၈) နိုင်ငံသားများ၏ မူလအခွင့်အရေး တာဝန်များ ပြဋ္ဌာန်းချက်အရ နိုင်ငံသားများသည် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရာတွင် တူညီသောအခွင့်အလမ်း ရရှိစေရန် ဖော်ဆောင်ပေးရမည် -

(က) အလုပ်လုပ်ကိုင်မှု

(ခ) ကုန်သွယ်ရောင်းဝယ်ဖောက်ကားမှု

(ဂ) စီးပွားရေးလုပ်ငန်းလုပ်ကိုင်မှု

(ဃ) အတတ်ပညာနှင့်အသက်မွေးဝမ်းကျောင်းမှု

၆။ ကော်မတီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၇၀ အရ အမျိုးသားစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး အတွက် စီးပွားရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ လွတ်လပ်စွာလုပ်ကိုင်ခွင့်ရှိသည်ကိုလည်းကောင်း၊ ပုဒ်မ ၃၇၁ အရ အမျိုးသားစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် နည်းပညာ၊ အရင်းအနှီး၊ စက်မှုပစ္စည်း၊ ကုန်ကြမ်း အစရှိသည်တို့ကို ရရှိစေရန် ကူညီမည်ဆိုသည်ကိုလည်းကောင်း ပုဒ်မ ၃၇၂ အရ ဥပဒေနှင့် မဆန့်ကျင်ဘဲ စီးပွားရေးကိစ္စများကို ဆောင်ရွက်ရာတွင် ပစ္စည်းပိုင်ဆိုင်ခွင့်၊ သုံးစွဲခွင့်နှင့် ကိုယ်ပိုင်တီထွင်ခွင့်၊ မူပိုင်ခွင့်တို့ကို နိုင်ငံတော်က အာမခံသည်ဆိုသော ပြဋ္ဌာန်းချက်များအား အားပေးကူညီဖော်ဆောင်ရမည်။

၇။ ပြည်ထောင်စုလွှတ်တော်က အတည်ပြုထားသော အမျိုးသားစီမံကိန်းအရ သတ္တုနှင့်တွင်းထွက် ပစ္စည်းကဏ္ဍတွင် ယင်းဝန်ကြီးဌာန၏ မူဝါဒနှင့် ရည်မှန်းချက်၊ လုပ်ငန်းစဉ်များကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အကျိုးအလို့ငှာ အမျိုးသားလွှတ်တော်၏ ကော်မတီ တစ်ရပ်အနေဖြင့် ကျရာကဏ္ဍမှ ပူးပေါင်းကူညီဖော်ဆောင်ရမည်။

၈။ ကော်မတီသည် သတ္တုနှင့်သဘာဝသယံဇာတရေးရာကိစ္စရပ်များ ဆောင်ရွက်ရာ၌ လိုအပ်ပါက သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆက်သွယ်ဆောင်ရွက်သွားရမည်။

၉။ ကော်မတီသည် သတ္တုနှင့်သယံဇာတများ စမ်းသပ်တိုင်းတာခြင်း၊ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများ အပြင် ထုတ်လုပ်ပြီးသော သတ္တုရိုင်းများအား ဆင့်တက်ပြုပြင်သည့် အဆင့်ဆင့်သောလုပ်ငန်းစဉ်များနှင့် သန့်စင်သည့် စက်ရုံလုပ်ငန်းကဏ္ဍများ စနစ်တကျဖွံ့ဖြိုးတိုးတက်လာရေးအတွက် အားပေးကူညီဆောင်ရွက် သွားရမည်။

၁၀။ သယံဇာတများ တရားမဝင်တူးဖော်ထုတ်လုပ်ခြင်း၊ သုံးစွဲခြင်းဖြင့် နိုင်ငံတော်၏ဆုံးရှုံးမှုနှင့် တရားမဝင် လုပ်ကိုင်သော နိုင်ငံသားတို့တွင် မလိုလားအပ်သော အမှုအခင်းများရင်ဆိုင်ခြင်းတို့မှ ကာကွယ်ရန်အတွက် တရားဝင်ခွင့်ပြုချက်အရ ဆောင်ရွက်ရေး အသိပညာပေးခြင်း၊ စည်းရုံးဆောင်ရွက်ခြင်း၊ လမ်းညွှန်ပေးခြင်း များကို ဆောင်ရွက်ရမည်။

၁၁။ အမျိုးသားသတ္တုကဏ္ဍ စီးပွားရေးစနစ်တကျဖွံ့ဖြိုးတိုးတက်စေရေးအတွက် သတ္တုရတနာမြေများ ဖော်ထုတ်သတ်မှတ်ရေးကို သက်ဆိုင်ရာဝန်ကြီးဌာနမှ ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရေး အတွက် ပူးပေါင်းဆောင်ရွက်ရမည်။

၁၂။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေပါ သဘာဝသယံဇာတ (၁၀) မျိုးဖြစ်သော -

(က) သစ်တောသယံဇာတအရင်းအမြစ်

(ခ) မြေသယံဇာတအရင်းအမြစ်

(ဂ) မြေအောက်ရေ အပါအဝင် ရေချိုသယံဇာတအရင်းအမြစ်

(ဃ) ဓာတ်သတ္တုသယံဇာတအရင်းအမြစ်များ

(င) စိုက်ပျိုးရေးဆိုင်ရာအရင်းအမြစ်များ

(စ) ရေလုပ်ငန်းဆိုင်ရာသယံဇာတအရင်းအမြစ်များ

(ဆ) အဏ္ဏဝါဆိုင်ရာသယံဇာတအရင်းအမြစ်များ

(ဇ) သဘာဝအလျောက်ဖြစ်ပေါ်နေသော ဂေဟစနစ်များ

(ဈ) သဘာဝနယ်မြေများ၊ တောရိုင်းတိရစ္ဆာန်များ၊ သဘာဝအပင်များနှင့် ဇီဝမျိုးစုံမျိုးကွဲများ

(ည) ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သည့် အခြားသဘာဝသယံဇာတအရင်းအမြစ်များတို့နှင့် စပ်လျဉ်း၍ ထိန်းသိမ်းခြင်း၊ ကာကွယ်ခြင်း၊ စနစ်တကျထုတ်လုပ်ခြင်းအတွက် သက်ဆိုင်ရာတာဝန်ရှိ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရမည်။

**ကော်မတီ၏လုပ်ပိုင်ခွင့်များ**

၁၃။ ကော်မတီသည် မိမိ၏လေ့လာတွေ့ရှိချက်များအပေါ် မူတည်၍ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် လွှတ်တော်သို့ အဆိုတင်သွင်းနိုင်သည်။

၁၄။ ကော်မတီ၏လေ့လာတွေ့ရှိချက်များအရ ပြည်ထောင်စုအစိုးရအဖွဲ့ကဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့ကဖြစ်စေ ပြုပြင်ပြောင်းလဲပေးရန်သင့်သော (သို့မဟုတ်) လိုအပ်သလို အရေးယူ ဆောင်ရွက်ရန်သင့်သော တွေ့ရှိချက်များရှိပါက လွှတ်တော်ဥက္ကဋ္ဌထံသို့ သက်ဆိုင်ရာအမှုတွဲနှင့်တကွ ပြည့်စုံစွာ ပြုစုတင်ပြရမည်။

၁၅။ ကော်မတီသည် သတ္တုတူးဖော်ထုတ်လုပ်နေသူများ၏ ရပိုင်ခွင့်၊ လုပ်ပိုင်ခွင့်များကို ဥပဒေနှင့်အညီ ဖော်ဆောင်ညှိနှိုင်းပေးမည်ဖြစ်ပြီး နစ်နာဆုံးရှုံးမှုများရှိက တင်ပြချက်အပေါ် မူတည်၍ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဆက်သွယ်ကာ ညှိနှိုင်းဆွေးနွေးခြင်း၊ ကြားနာခြင်းများ ပြုလုပ်ပြီး နိုင်ငံတော် အကျိုး၊ ပြည်သူ့အကျိုးများ ထိခိုက်မှုမရှိအောင် ဥပဒေနှင့်အညီ ဖော်ဆောင်ပေးမည့် တွေ့ရှိချက်ကို လွှတ်တော် ဥက္ကဋ္ဌထံ အချိန်နှင့်တစ်ပြေးညီ တင်ပြသွားရမည်။

၁၆။ ကော်မတီသည် လွှတ်တော်ဥက္ကဋ္ဌ ခွင့်ပြုချက်ဖြင့် သတင်းစာရှင်းလင်းပွဲများကို ပြုလုပ်နိုင်သည်။

၁၇။ ကော်မတီသည် ပြည်ပမှ တရားဝင်ဆက်သွယ်လာသော သတ္တုနှင့်သဘာဝသယံဇာတအရင်းအမြစ်များ ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံလိုသူများအား တွေ့ဆုံဆွေးနွေးခြင်းကို လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြ၍ လွှတ်တော် ဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ၍ နိုင်ငံတော်၏ သတ္တုနှင့်သဘာဝ သယံဇာတအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်အောင် ဖော်ဆောင်သွားမည်။ ထိုကဲ့သို့ ပြည်ပမှ ရင်းနှီးမြှုပ်နှံ လိုသူများ ရောက်ရှိလာရေးကို ဖိတ်ခေါ်ဆောင်ရွက်နိုင်သည်။

၁၈။ ကော်မတီသည် သတ္တုနှင့်သယံဇာတရေးရာကိစ္စရပ်၌ ပဋိပက္ခဖြစ်ပွားနေသောနေရာ၊ ကဏ္ဍသစ်ဖွင့်လှစ်သင့်သောနေရာ စသည့် နိုင်ငံတော်အစိုးရအပေါ် အထောက်အကူပြုနိုင်မည့် ကိစ္စရပ်များအတွက် လိုအပ်က ကွင်းဆင်းလေ့လာဆောင်ရွက်သွားရမည်။ ထိုသို့ ဆောင်ရွက်ရာ၌ လွှတ်တော်ရုံးသို့ တင်ပြ၍ သွားလာတည်းခိုနေထိုင်ရေးကိစ္စများအတွက် သတ်မှတ်ချက်အတိုင်း ခံစားခွင့်ရှိသည်။

၁၉။ ကော်မတီသည် ပြည်တွင်းပြည်ပနိုင်ငံများနှင့် သတ္တုနှင့်သယံဇာတကဏ္ဍ ဖြစ်ပေါ်တိုးတက်မှုများကို လေ့လာနိုင်ရန် ဖိတ်ကြားလာခြင်းအား လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် လက်ခံသွားရောက်နိုင်သည်။ ထိုသို့ သွားရောက်လေ့လာရာတွင် ခရီးစဉ်နှင့်အုပ်ချုပ်မှုဆိုင်ရာများကို လွှတ်တော်ရုံးသို့ တင်ပြ၍ လွှတ်တော်ရုံး၏ စီမံပေးမှုဖြင့် ဆောင်ရွက်ရမည်။

၂၀။ ကော်မတီသည် သဘာဝသယံဇာတအရင်းအမြစ်များနှင့်စပ်လျဉ်း၍ ပြုမူဆောင်ရွက်ချက်တစ်ရပ်ရပ်သည် ဥပဒေနှင့်မညီကြောင်း (သို့မဟုတ်) တရားမျှတမှုမရှိကြောင်း (သို့မဟုတ်) တစ်ဦးတစ်ယောက်အဖွဲ့အစည်းတစ်ရပ်ရပ်အား နစ်နာမှုဖြစ်ပေါ်စေကြောင်း တိုင်ကြားစာကို ရရှိသည့်အခါဖြစ်စေ၊ ယင်းဖြစ်စဉ်ဖြစ်ရပ်တစ်ခုခုကို ကော်မတီမှ တိုက်ရိုက်သိရှိရသည့်အခါဖြစ်စေ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဆက်သွယ်ကာ ညှိနှိုင်းဆွေးနွေးခြင်း၊ ကြားနာခြင်း၊ သက်သေထွက်ချက်များ ရယူခြင်း၊ ဆွေးနွေးညှိနှိုင်းပေးခြင်းများကို ဆောင်ရွက်ခွင့်ရှိသည်။

၂၁။ ယင်းသို့ ဆွေးနွေးဆောင်ရွက်မှုများကို ကော်မတီ၏သုံးသပ်ချက်၊ အကြံပြုချက်များနှင့်အတူ လွှတ်တော်သို့ တင်ပြရမည်။

## လွှတ်တော်ကော်မတီဝင်အဖြစ်မှ နုတ်ထွက်ခြင်း၊ ရပ်စဲခြင်းနှင့် အစားထိုးတာဝန်ပေးအပ်ခြင်း

၂၂။ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၃ နှင့် ၈၄ ပါ ပြဋ္ဌာန်းထားသည့်အတိုင်း ဆောင်ရွက်ရမည်။

## လွှတ်လပ်စွာပြောဆိုခွင့်နှင့် ဆန္ဒမဲပေးပိုင်ခွင့်

၂၃။ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၄၇၊ ၄၈ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နိုင်သည်။

## ကော်မတီဝင်များ၏ ရပိုင်ခွင့်နှင့်အခွင့်အရေးများ

၂၄။ ကော်မတီဝင်များသည် ကော်မတီ၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်ဖြစ်စေ၊ ကော်မတီအစည်းအဝေးတက်ရောက်ရန်ဖြစ်စေ တာဝန်အရ ခရီးသွားလာခြင်းအတွက် ခရီးစရိတ်များအား တည်ဆဲဒေသတွင် ရောက်ရှိနေထိုင်စဉ် တည်းခိုနေထိုင်စရိတ်၊ စားသောက်စရိတ်နှင့် အခြားစရိတ်များအား တည်ဆဲဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ သင့်လျော်သလို တင်ပြညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးရမည်။

(ပုံ) ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၂၆/၂၀၁၃**

၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၄ ရက်

( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၅ ရက် )

## ပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၇၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေများ၏ နည်းဥပဒေ ၇၉ နှင့် အမျိုးသားလွှတ်တော် အစည်းအဝေးဆုံးဖြတ်ချက်တို့အရ ဖွဲ့စည်းထားသော ပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီကို အောက်ပါ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ပါမောက္ခဒေါက်တာမြဦး | မဲဆန္ဒနယ်အမှတ် (၉)၊ ပဲခူးတိုင်းဒေသကြီး | ဥက္ကဋ္ဌ |
| (ခ) | ဦးပီမောင်စိုး | မဲဆန္ဒနယ်အမှတ် (၁)၊ ကယားပြည်နယ် | |
| (ဂ) | ဦးပေါ်လျှံလွင် | မဲဆန္ဒနယ်အမှတ် (၉)၊ ချင်းပြည်နယ် | |
| (ဃ) | ဒေါက်တာဝင်းမြင့်အောင် | မဲဆန္ဒနယ်အမှတ် (၄)၊ စစ်ကိုင်းတိုင်းဒေသကြီး | |
| (င) | ဦးတင်မောင်မြင့် | မဲဆန္ဒနယ်အမှတ် (၃)၊ တနင်္သာရီတိုင်းဒေသကြီး | |
| (စ) | ဦးမင်းဦး | မဲဆန္ဒနယ်အမှတ် (၇)၊ ပဲခူးတိုင်းဒေသကြီး | |
| (ဆ) | ဒေါက်တာခင်မောင်လေး | မဲဆန္ဒနယ်အမှတ် (၈)၊ ပဲခူးတိုင်းဒေသကြီး | |
| (ဇ) | ဦးလှသိန်း | မဲဆန္ဒနယ်အမှတ် (၃)၊ မကွေးတိုင်းဒေသကြီး | |
| (ဈ) | ဦးအောင်သန်း | မဲဆန္ဒနယ်အမှတ် (၁၀)၊ မကွေးတိုင်းဒေသကြီး | |
| (ည) | ဦးဌေးမောင် | မဲဆန္ဒနယ်အမှတ် (၁၂)၊ မန္တလေးတိုင်းဒေသကြီး | |
| (ဋ) | ဒေါက်တာကျော်သိန်း | မဲဆန္ဒနယ်အမှတ် (၄)၊ မွန်ပြည်နယ် | |
| (ဌ) | ဦးကျော်ကျော် | မဲဆန္ဒနယ်အမှတ် (၂)၊ ရခိုင်ပြည်နယ် | |
| (ဍ) | ဦးညဏ်လင်း | မဲဆန္ဒနယ်အမှတ် (၃)၊ ဧရာဝတီတိုင်းဒေသကြီး | |
| (ဎ) | ဗိုလ်မှူးနိုင်နိုင်ဝင်း | တပ်မတော်သားကိုယ်စားလှယ် | |
| (ဏ) | ဦးစိုင်းမြမောင် | မဲဆန္ဒနယ်အမှတ် (၁၀)၊ ကချင်ပြည်နယ် | အတွင်းရေးမှူး |

### ကော်မတီ၏တာဝန်များ

၂။ ကမ္ဘာ့လူ့အခွင့်အရေးဆိုင်ရာပဋိညာဉ်စာချုပ်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ အခြေခံဥပဒေ ပြဋ္ဌာန်းချက်များနှင့် နိုင်ငံတော်မှ ပြဋ္ဌာန်းထားသော ပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ဥပဒေများ မူဝါဒများကို လေ့လာခြင်း။

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ မူဝါဒနှင့် စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက် နေမှု၏ လက်ရှိရောက်ရှိနေသော အခြေအနေများကို လေ့လာသုံးသပ်အကြံပြုခြင်း။

၄။ ပြည်သူလူထု၏ ပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာလိုအပ်ချက်များကို အကောင်အထည် ဖော်နိုင်ရေးအတွက် လေ့လာသုံးသပ်ပြီး အကြံပြုခြင်း။

၅။ လွှတ်တော်ဥက္ကဋ္ဌက ပေးအပ်သော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၆။ ကော်မတီသည် အထက်ဖော်ပြပါ အချက်အလက်များနှင့် နိုင်ငံတကာပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုများကို လေ့လာ၍ အောက်ဖော်ပြပါ ကဏ္ဍများအလိုက် သုံးသပ် အကြံပြုရန် ဖြစ်ပါသည် -

**ပညာရေးကဏ္ဍ**

(က) ပညာရေးစနစ် ပိုမိုကောင်းမွန်ရေးအတွက် ပြုပြင်ပြောင်းလဲရေး၊
- အခြေခံပညာရေး
- အဆင့်မြင့်ပညာရေး
- အသက်မွေးမှု၊ ကျွမ်းကျင်မှုဆိုင်ရာပညာရေး
- အထူးသီးခြားပညာရေး (ဥပမာ-မသန်စွမ်း၊ ဆွံ့အနားမကြား၊ မျက်မမြင်)

(ခ) အခြေခံပညာရေး ကလေးတိုင်း ပြီးမြောက်ရန်နှင့် ဆက်လက်ပညာသင်ကြားနိုင်ရေး၊

(ဂ) အဆင့်မြင့်ပညာသင်ကြားနိုင်ရေးအတွက် ရွေးချယ်မှုစနစ် ပြုပြင်ပြောင်းလဲရေး၊

(ဃ) ဆရာ၊ ဆရာမများ၏ သင်ကြားရေးနည်းစနစ်ပြုပြင်ပြောင်းလဲရေး၊

(င) သင်ရိုးညွှန်းတမ်းနှင့် စာမေးပွဲစနစ်ပြုပြင်ပြောင်းလဲရေး၊

(စ) ကျောင်းသူ/သားများ ဗလငါးတန်ဖွံ့ဖြိုးရေး၊

(ဆ) သင်ကြားရေးအဆောက်အအုံ၊ သင်ကြားအထောက်အကူပစ္စည်းများနှင့် ဆရာ၊ ဆရာမများ ပြည့်စုံ လုံလောက်ရေး၊

(ဇ) ဆရာ၊ ဆရာမများ၏ လူနေမှုဘဝ အဆင်ပြေချောမွေ့ရေး၊

(ဈ) ပညာသင်ကြားရေးဆိုင်ရာသုတေသနလုပ်ငန်းများ အကြံပြုရေး။

**ကျန်းမာရေးကဏ္ဍ**

(က) ကျန်းမာရေး အထူးသဖြင့် ပဏာမကျန်းမာရေးစောင့်ရှောက်မှုစနစ် ပိုမိုကောင်းမွန်ရေး၊

(ခ) ကျန်းမာရေး၊ ပညာရေးတို့နှင့်သက်ဆိုင်သော ကုလသမဂ္ဂပန်းတိုင်ရည်မှန်းချက်များကို ၂၀၁၅ ခုနှစ်တွင် ပြည့်မီစွာအကောင်အထည်ဖော်နိုင်ရေး၊

(ဂ) ပြည်သူတို့၏ဆေးကုသမှုစရိတ် သက်သာစေရေးအတွက် ကျန်းမာရေးအာမခံစနစ်နှင့် အခြား အစီအမံများကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရေး၊

(ဃ) အဓိကအားဖြင့် အသက်ကယ်ဆေးဝါးများ လုံလောက်ရေးနှင့် ကုသမှုဆိုင်ရာပစ္စည်းကိရိယာများ ပြည့်စုံလုံလောက်ရေး၊

(င) ပြည်နယ်၊ တိုင်း၊ ခရိုင်အဆင့်ရှိသော ဆေးရုံများ၏ ကုသရေးကဏ္ဍကို တိုးချဲ့အဆင့်မြှင့်တင်ရေး၊

(စ) ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်စဉ်နှင့် လွတ်လပ်စွာကုန်သွယ်မှုနှင့်ဆက်စပ်သော ကျန်းမာရေးပြဿနာ များကို လေ့လာပြီး အကြံပြုခြင်း၊

(ဆ) ပတ်ဝန်းကျင်ကျန်းမာရေး၊ လုပ်ငန်းခွင်ကျန်းမာရေးနှင့် ကပ်ရောဂါများကို ထိရောက်စွာကာကွယ် ထိန်းချုပ်ရေးတို့ကို လေ့လာသုံးသပ်အကြံပြုခြင်း၊

(ဇ) ကျန်းမာရေးသတင်းအချက်အလက်စီမံခန့်ခွဲမှုစနစ် ပိုမိုကောင်းမွန်ရေး၊

(ဈ) ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာသုတေသနများ ဆောင်ရွက်ရေး။

**ယဉ်ကျေးမှုကဏ္ဍ**

(က) မြန်မာတိုင်းရင်းသားများ၏ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊

(ခ) မြန်မာတိုင်းရင်းသားများ၏ ယဉ်ကျေးမှုဓလေ့ထုံးစံများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အပြန်အလှန် လေးစားရေး၊

(ဂ) ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

**ကော်မတီ၏လုပ်ပိုင်ခွင့်များ**

၇။ ကော်မတီသည် မိမိတာဝန်များကို ဆောင်ရွက်ရာတွင် အစိုးရနှင့် အစိုးရမဟုတ်သော ပြည်တွင်း အဖွဲ့အစည်းများမှ တာဝန်ရှိသူများကိုလည်းကောင်း၊ သက်ဆိုင်ရာအဖွဲ့အစည်းတို့မှ ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များကိုလည်းကောင်း ဖိတ်ကြားပြီး မေးမြန်းဆွေးနွေးနိုင်သည်။

၈။ ကော်မတီသည် အဖွဲ့ခွဲ၍ဖြစ်စေ၊ လိုအပ်သော ပုဂ္ဂိုလ်များနှင့်ဖြစ်စေ၊ ပေါင်းစပ်ဖွဲ့စည်း၍ဖြစ်စေ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍ လိုအပ်သောဒေသများသို့ လွှတ်တော် ရုံး၏ စီစဉ်မှုဖြင့် သွားရောက်လေ့လာဆောင်ရွက်နိုင်သည်။

၉။ နိုင်ငံတော်အတွင်း ဖွဲ့စည်းထားရှိသော ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုနှင့်စပ်ဆိုင်သော အသင်း အဖွဲ့၊ အစည်းအရုံး၊ ကော်မတီအဖွဲ့အစည်းများသို့ သွားရောက်လေ့လာနိုင်သည်။ မေးမြန်းဆွေးနွေးနိုင်သည်။

၁၀။ အစိုးရနှင့် အစိုးရမဟုတ်သော ပြည်တွင်းအဖွဲ့အစည်းများနှင့်ပတ်သက်၍ ကော်မတီသည် လွတ်လပ်စွာ တွေ့ဆုံဆွေးနွေးခြင်း၊ အခက်အခဲနှင့် လိုအပ်ချက်များ မေးမြန်းခြင်း၊ ဥပဒေနှင့်ညီညွတ်သော အကြံဉာဏ် များပေးခြင်း၊ လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းပေးခြင်းများ ပြုလုပ်ဆောင်ရွက်နိုင်သည်။

၁၁။ အစိုးရနှင့် အစိုးရမဟုတ်သော ပြည်ပအဖွဲ့အစည်းများနှင့်ပတ်သက်၍ ဆက်သွယ်ဆောင်ရွက်လိုလျှင် ဖြစ်စေ၊ သွားရောက်လေ့လာလိုလျှင်ဖြစ်စေ အမျိုးသားလွှတ်တော်၊ လွှတ်တော်အုပ်ချုပ်မှုမူဝါဒဆိုင်ရာ လုပ်ငန်း ညှိနှိုင်းရေးအဖွဲ့မှတစ်ဆင့် လွှတ်တော်၏အစီအစဉ်ဖြင့် ဆောင်ရွက်နိုင်သည်။

၁၂။ အစိုးရနှင့် အစိုးရမဟုတ်သော ပြည်ပအဖွဲ့အစည်းများက ကော်မတီ (သို့မဟုတ်) ကော်မတီဝင် ထံသို့ ဆက်သွယ်လာလျှင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်နှင့်အညီ လက်ခံတွေ့ဆုံ ဆွေးနွေး ညှိနှိုင်းခြင်း၊ သတင်းထုတ်ပြန်ခြင်း ပြုလုပ်နိုင်သည်။

၁၃။ ကော်မတီ၏ လေ့လာတွေ့ရှိချက်များကို ပြည်ထောင်စုအစိုးရအဖွဲ့ကဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့ကဖြစ်စေ ပြုပြင်ပြောင်းလဲစီစဉ်ဆောင်ရွက်ပေးရန်သင့်သော (သို့မဟုတ်) လိုအပ်သလို အရေးယူဆောင်ရွက်သင့်သော တွေ့ရှိချက်များရှိပါက လွှတ်တော်အုပ်ချုပ်မှုမူဝါဒဆိုင်ရာလုပ်ငန်းညှိနှိုင်းရေး အဖွဲ့မှတစ်ဆင့် လွှတ်တော်ဥက္ကဋ္ဌထံသို့ တင်ပြရမည်။

(ပုံ) ခင်အောင်မြင့်

ဥက္ကဋ္ဌ

အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၂၇/၂၀၁၃**

၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၄ ရက်

( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၅ ရက် )

**နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၇၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေများ၏ နည်းဥပဒေ ၇၉ နှင့် အမျိုးသားလွှတ်တော် အစည်းအဝေးဆုံးဖြတ်ချက်တို့အရ ဖွဲ့စည်းထားသော နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီကို အောက်ပါ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| | | | | |
|---|---|---|---|---|
| (က) | ဒေါက်တာအေးမောင် | မဲဆန္ဒနယ်အမှတ် (၁)၊ ရခိုင်ပြည်နယ် | ဥက္ကဋ္ဌ |
| (ခ) | ဦးဂမ်ဆိုင်း | မဲဆန္ဒနယ်အမှတ် (၂)၊ ကချင်ပြည်နယ် | |
| (ဂ) | ဦးကော်ရိုင်း | မဲဆန္ဒနယ်အမှတ် (၉)၊ ကယားပြည်နယ် | |
| (ဃ) | ဦးစောအောင်ကျော်နိုင် (ခ) ရှားဘူးဖော့ | မဲဆန္ဒနယ်အမှတ် (၁)၊ ကရင်ပြည်နယ် | |
| (င) | ဦးစောမြဝင်း | မဲဆန္ဒနယ်အမှတ် (၁၁)၊ ကရင်ပြည်နယ် | |
| (စ) | ဦးမနားနိုင်း | မဲဆန္ဒနယ်အမှတ် (၁၀)၊ ချင်းပြည်နယ် | |
| (ဆ) | ဦးလှအေး | မဲဆန္ဒနယ်အမှတ် (၁၁)၊ တနင်္သာရီတိုင်းဒေသကြီး | |
| (ဇ) | ဦးဝင်းနိုင်ရှိန် | မဲဆန္ဒနယ်အမှတ် (၅)၊ ပဲခူးတိုင်းဒေသကြီး | |
| (ဈ) | ဦးနိုင်ထွန်းအုံ | မဲဆန္ဒနယ်အမှတ် (၅)၊ မွန်ပြည်နယ် | |
| (ည) | ဦးစိုင်းသန့်ဇင် | မဲဆန္ဒနယ်အမှတ် (၄)၊ ရှမ်းပြည်နယ် | |
| (ဋ) | ဦးစိုင်းဝင်းမောင် | မဲဆန္ဒနယ်အမှတ် (၅)၊ ရှမ်းပြည်နယ် | |
| (ဌ) | ဦးသိမ်းဆွေ | မဲဆန္ဒနယ်အမှတ် (၁၀)၊ ဧရာဝတီတိုင်းဒေသကြီး | |
| (ဍ) | ဒုတိယဗိုလ်မှူးကြီးမျိုးသစ်ဦး | တပ်မတော်သားကိုယ်စားလှယ် | |
| (ဎ) | ဗိုလ်မှူးဝင်းမြင့်ထွန်း | တပ်မတော်သားကိုယ်စားလှယ် | |
| (ဏ) | ဦးစောမော်ထွန်း | မဲဆန္ဒနယ်အမှတ် (၁)၊ ပဲခူးတိုင်းဒေသကြီး | အတွင်းရေးမှူး |

**ကော်မတီ၏လုပ်ငန်းတာဝန်များ**

၂။ ကော်မတီ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေးဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အားပေးကူညီဆောင်ရွက်ပေးရမည်။

(ခ) နိုင်ငံသားတိုင်း တရားမျှတမှုအခွင့်အရေး၊ လွတ်လပ်မှုအခွင့်အရေး၊ တန်းတူညီမျှမှုအခွင့်အရေးနှင့် ငြိမ်းချမ်းမှုအခွင့်အရေးတို့ ခံစားခွင့်ရှိရေး၊ အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်ပေးရမည်။

(ဂ) နိုင်ငံသားတိုင်း အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်းပါ အချက်များအား ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရန် အသိပညာပေးရန်နှင့် ယင်းအချက်များကို လိုက်နာစောင့်စည်းကျင့်သုံးရန် ဆောင်ရွက်ပေးရမည်။

(ဃ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေ/နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များကို လေ့လာ၍ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးစံများဖြင့် ချိန်ထိုးကာ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များ တွေ့ရှိက လွှတ်တော်သို့ တင်ပြရမည်။

(င) နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးချိုးဖောက်ခံရသဖြင့် ပြည်သူများ၏ တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်ခြင်း၊ လိုအပ်လျှင် လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်ဖြင့် ချိုးဖောက်ခံရသည့်နေရာအထိ သွားရောက်ကြားနာစိစစ်ခြင်းပြုလုပ်ပြီး လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရမည်။

(စ) ကော်မတီသည် လုပ်ငန်းနှင့်ပတ်သက်လျှင် ဆက်စပ်သက်ဆိုင်သည့် အဖွဲ့အစည်းများ၊ တာဝန်ရှိပုဂ္ဂိုလ်များအား ဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်သည်။

(ဆ) ကော်မတီသည် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့်လည်းကောင်း၊ နိုင်ငံတကာပါလီမန်များ၏ လူ့အခွင့်အရေးဆိုင်ရာကော်မရှင်တို့နှင့်လည်းကောင်း၊ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာကော်မရှင်နှင့်လည်းကောင်း၊ အခြားသော လုပ်ငန်းသဘာဝတူ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေးဆိုင်ရာပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့်လည်းကောင်း ဆက်သွယ်ချိတ်ဆက်လျက် ဒီမိုကရေစီအရေးနှင့် ပြည်သူ့အခွင့်အရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ရမည်။

(ဇ) ကော်မတီသည် အခြားနိုင်ငံလွှတ်တော်များတွင် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေးတို့နှင့်စပ်လျဉ်း၍ ကော်မတီ၊ ကော်မရှင်အဖွဲ့ စသည်ဖြင့် ဖွဲ့စည်းဆောင်ရွက်ပုံများကို ဆက်သွယ်လေ့လာ၍ တွေ့ရှိချက်များအား လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြသွားရမည်။

(ဈ) လွှတ်တော်ဥက္ကဋ္ဌက လိုအပ်၍ဖြစ်စေ၊ သင့်လျော်၍ဖြစ်စေ လေ့လာစေသော (သို့မဟုတ်) ဆောင်ရွက်စေသော အထူးကိစ္စရပ်များကိုလည်း ညွှန်ကြားချက်နှင့်အညီ လိုက်နာဆောင်ရွက်၍ သတ်မှတ်သည့်အတိုင်း အစီရင်ခံစာ ပြုစုတင်ပြရမည်။

(ည) လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်တွင် တင်သွင်းသင့်ကြောင်း မှတ်ချက်ပြုသော အစီရင်ခံစာပါအကြောင်းအရာနှင့်စပ်လျဉ်း၍ အသေးစိတ်ပြန်လည်ပြုစုပြီး အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၄၁ ပါ လွှတ်တော်အစည်းအဝေး၌ ဆောင်ရွက်ရမည့်ကိစ္စဖြစ်သည့် လွှတ်တော်သို့ တင်သွင်းသည့် အစီရင်ခံစာများကို ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်းနှင့် မှတ်တမ်းတင်ခြင်း ဆောင်ရွက်နိုင်ရန် စနစ်တကျတင်သွင်းရမည်။

(ဋ) ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးပြောဆိုသော (သို့မဟုတ်) ပြုလုပ်သောကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင် ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း ပြင်ပသို့ ပေါက်ကြားခြင်းမရှိစေရ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။ လွှတ်တော်သို့ ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်ပူးတွဲ၍ အမှုတွဲအဖြစ် တပေါင်းတည်းထိန်းသိမ်းထားနိုင်ရန် လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

၃။ **ကော်မတီ၏လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် အခွင့်အရေးများ၊ သက်တမ်းသတ်မှတ်ခြင်း**

**ကော်မတီ၏လုပ်ပိုင်ခွင့်များ -**

(က) ကော်မတီသည် နိုင်ငံသားတစ်ဦးဦးမှ ၎င်းအပေါ် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေးတို့နှင့်စပ်လျဉ်း၍ ချိုးဖောက်ခံရကြောင်း သံသယရှိလျှင် သက်ဆိုင်ရာနိုင်ငံသားများကိုလည်းကောင်း၊ သက်ဆိုင်ရာဌာနအဖွဲ့အစည်းတို့မှ တာဝန်ရှိပုဂ္ဂိုလ်များကို

လည်းကောင်း ဖိတ်ကြား၍ ဆွေးနွေးနိုင်သကဲ့သို့ အခင်းဖြစ်ရာနေရာသို့ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကိုယ်တိုင်သွားရောက်၍ မေးမြန်းစိစစ်ဆွေးနွေးနိုင်သည်။

(ခ) ထို့အပြင် ကော်မတီသည် ဆပ်ကော်မတီအလိုက်ဖြစ်စေ၊ အဖွဲ့ခွဲ၍ဖြစ်စေ၊ လိုအပ်သောပုဂ္ဂိုလ်များနှင့် ပေါင်းစပ်ဖွဲ့စည်း၍ဖြစ်စေ လိုအပ်သည့် ပြည်တွင်းနေရာဒေသ၊ အသင်းအဖွဲ့ရုံး၊ အလုပ်ရုံ၊ လုပ်ငန်းတည်နေရာ (သို့မဟုတ်) အစိုးရရုံးဌာနများနှင့် ပြည်တွင်းရှိ နိုင်ငံတကာအဖွဲ့အစည်းရုံးများသို့ တာဝန်အရ သွားရောက်လေ့လာဆောင်ရွက်နိုင်သည်။ ထိုသို့ သွားရောက်လေ့လာဆောင်ရွက်နိုင်ရန်အတွက် လွှတ်တော်ရုံးသို့ ခရီးစဉ်နှင့် အုပ်ချုပ်မှုဆိုင်ရာလိုအပ်သည်များကို ကြိုတင်ညှိနှိုင်းတင်ပြပြီး လွှတ်တော်ရုံး၏စီစဉ်ပေးမှုဖြင့် ဆောင်ရွက်ရမည်။

(ဂ) ကော်မတီ၏ လေ့လာတွေ့ရှိချက်များအရ ပြည်ထောင်စုအစိုးရအဖွဲ့ကဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့ကဖြစ်စေ ပြုပြင်ပြောင်းလဲ စီစဉ်ဆောင်ရွက်ပေးရန်သင့်သော (သို့မဟုတ်) လိုအပ်သလို အရေးယူဆောင်ရွက်ရန်သင့်သော တွေ့ရှိချက်များရှိပါက လွှတ်တော်ဥက္ကဋ္ဌထံသို့ သက်ဆိုင်ရာအမှုတွဲနှင့်အတူ ပြည့်စုံစွာပြုစုတင်ပြရမည်။

(ဃ) ကော်မတီသည် ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးခြင်း၊ အကြံဉာဏ်များပေးခြင်း၊ အကြံဉာဏ်များရယူခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်းများ ပြုလုပ်ဆောင်ရွက်နိုင်သည်။

(င) ကော်မတီသည် ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့်ပတ်သက်၍ ဆက်သွယ်ဆောင်ရွက်လိုလျှင်ဖြစ်စေ၊ သွားရောက်လေ့လာနိုင်ရန်ဖြစ်စေ လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် စီစဉ်ဆောင်ရွက်ခွင့်ရှိသည်။ လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရန် အချိန်မလုံလောက်ပါက ဆောင်ရွက်ချက်များကို လွှတ်တော်ဥက္ကဋ္ဌအား အချိန်နှင့်တစ်ပြေးညီ တင်ပြရမည်။

**ကော်မတီဝင်များ၏ရပိုင်ခွင့်နှင့်အခွင့်အရေးများ**

(က) ကော်မတီဝင်များသည် ကော်မတီ၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်ဖြစ်စေ၊ ကော်မတီအစည်းအဝေးတက်ရောက်ရန်ဖြစ်စေ တာဝန်အရ ခရီးသွားလာခြင်းအတွက် ခရီးစရိတ်နှင့် ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေထိုင်စဉ် တည်းခိုနေထိုင်စရိတ်၊ စားသောက်စရိတ်နှင့် အခြားစရိတ်များအား တည်ဆဲဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထုတ်ယူခံစားခွင့်ရှိသည်။

(ခ) ကော်မတီဝင်များသည် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ ဖြစ်သည်နှင့်အညီ တာဝန်ဖြင့် ခရီးသွားလာခြင်းနှင့် တည်းခိုနေထိုင်ခြင်းအတွက် အုပ်ချုပ်မှုနှင့် နေရာထိုင်ခင်းများအား လွှတ်တော်ရုံးက သင့်လျော်သလို စီစဉ်ဆောင်ရွက်ပေးရမည်။

**ကော်မတီသက်တမ်းသတ်မှတ်ခြင်း**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီ၏သက်တမ်း တစ်နှစ်ပြည့်မြောက်သည့်အခါ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုးတာဝန်ပေးအပ်နိုင်သည်။

**၄။ အထွေထွေ**

(က) ကော်မတီက နိုင်ငံသားများ၏ လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ၊ တိုင်ကြားစာ၊ အသနားခံစာများနှင့်ပတ်သက်၍ ကော်မတီ၏ စိစစ်တွေ့ရှိချက်၊ သုံးသပ်ချက်၊ အကြံပြုချက်၊ တင်ပြချက်များအား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြ၍ လမ်းညွှန်ချက်နှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့ထံ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြေရှင်းဆောင်ရွက်ခြင်း ဖြစ်ပါသည်။

(ခ) အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်ဖြင့် အရေးယူဆောင်ရွက်ခြင်းမရှိသော တိုင်စာများနှင့်ပတ်သက်၍ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့

(ဎ) လအတွင်း ပြန်ကြားခြင်းမရှိပါက သမ္မတထံသို့ ဥက္ကဋ္ဌအနေဖြင့် သဝဏ်လွှာပေးပို့နိုင်ရန်အတွက် သတိပေးစာထုတ်ပြန်နိုင်ရေး ပြုစုတင်ပြရပါသည်။

(ဂ) အမျိုးသားလွှတ်တော်က ဖွဲ့စည်းပေးထားသည့် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီသည် ဤလွှတ်တော်က ပေးအပ်ထားသည့် တာဝန်နှင့်လုပ်ပိုင်ခွင့်ပါအတိုင်း နိုင်ငံသားများ၏ မူလအခွင့်အရေးများ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရရှိစေရေး၊ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်းပါ အချက်များနှင့်အညီ လူ့အခွင့်အရေး အပြည့်အဝရရှိစေရေး၊ ဒီမိုကရေစီစံနှုန်းများနှင့်အညီ လွတ်လပ်သောလူမှုအခွင့်အရေးဆိုင်ရာအဖွဲ့အစည်းများ ပေါ်ထွန်းရှင်သန်ရေး၊ ဒီမိုကရေစီကျင့်စဉ် ချောမွေ့စွာဆက်လက်ရှင်သန်ဖြစ်ထွန်းရေးအတွက် အတတ်နိုင်ဆုံးကြိုးပမ်းဆောင်ရွက်မည် ဖြစ်ပါသည်။

(ပုံ) ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၃၀/၂၀၁၃)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်
( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက် )

### တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး အစားထိုးပြောင်းလဲခြင်း

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည့် ပထမအကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသောတပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၃/၂၀၁၁) တွင် ဖော်ပြထားသည့် အောက်ပါ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးအား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

**ကချင်ပြည်နယ်လွှတ်တော်**

| | | | |
|---|---|---|---|
| (၁) | ကြည်း ၃၄၀၅၅<br>ဗိုလ်မှူးအောင်သန်းဇော် | (အစား) | ကြည်း ၂၃၉၇၈<br>ဗိုလ်မှူးအောင်ခင်ဦး |

**ရှမ်းပြည်နယ်လွှတ်တော်**

| | | | |
|---|---|---|---|
| (၂) | ကြည်း ၃၃၁၀၂<br>ဗိုလ်မှူးအောင်အောင် | (အစား) | ကြည်း ၁၉၄၁၄<br>ဗိုလ်မှူးဇော်မြင့်ဝင်း |

အမိန့်အရ

တင်ထွန်း
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြန်ကြားရေးဝန်ကြီးဌာန**

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်

( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက် )

အမှတ် ၆၃ ။ ။ ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့တွင် ၁၉၉၉ ခုနှစ်၊ မေလ ၁၀ ရက်မှ ၁၄ ရက်နေ့အထိ ကျင်းပပြုလုပ်သည့် "(၃၄) ကြိမ်မြောက် အာဆီယံယဉ်ကျေးမှုနှင့်ပြန်ကြားရေးကော်မတီအစည်းအဝေး" (34th Meeting of the ASEAN Committee on Culture and Information) မှ ဆုံးဖြတ်ချက်နှင့်အညီ ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်စွဲပါ အမိန့်ကြော်ငြာစာဖြင့် ဖွဲ့စည်းခဲ့သော မြန်မာနိုင်ငံအာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးအမျိုးသားကော်မတီ၊ ပြန်ကြားရေးဆပ်ကော်မတီ (Sub-Committee on Information) ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည် -

| | | | |
|---|---|---|---|
| (၁) | ဦးတင့်ဆွေ<br>ညွှန်ကြားရေးမှူးချုပ်<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား | - | ဥက္ကဋ္ဌ |
| (၂) | ဦးမြင့်ထွေး<br>ရုံးအဖွဲ့မှူး<br>ပြန်ကြားရေးဝန်ကြီးဌာန | - | အဖွဲ့ဝင် |
| (၃) | ဦးသိန်းဌေး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား | - | အဖွဲ့ဝင် |
| (၄) | ဒေါက်တာဒေါ်သီတာတင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | - | အဖွဲ့ဝင် |
| (၅) | ဦးမျိုးမြင့်မောင်<br>အထွေထွေမန်နေဂျာ<br>ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း | - | အဖွဲ့ဝင် |
| (၆) | ဦးရဲနိုင်<br>အထွေထွေမန်နေဂျာ<br>သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း | - | အဖွဲ့ဝင် |
| (၇) | ဦးဝင်းကြည်<br>ညွှန်ကြားရေးမှူး (ရုပ်မြင်/အင်္ဂလိပ်)<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား | - | အဖွဲ့ဝင် |
| (၈) | ဦးမျိုးဝင်း<br>အင်ဂျင်နီယာချုပ်<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား | - | အဖွဲ့ဝင် |
| (၉) | ဦးမောင်ဖေ<br>ညွှန်ကြားရေးမှူး (စီမံခန့်ခွဲရေး)<br>ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | - | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (၁၀) | ဦးကိုကိုနိုင်<br>ညွှန်ကြားရေးမှူး (စီမံ)<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား | - | အဖွဲ့ဝင် |
| (၁၁) | ဦးတင်မောင်သန်း<br>စာတည်းမှူးချုပ်<br>မြန်မာ့အလင်းပုံနှိပ်တိုက်<br>သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း | - | အဖွဲ့ဝင် |
| (၁၂) | ဦးသိန်းထွန်းအောင်<br>ညွှန်ကြားရေးမှူး (စီမံခန့်ခွဲရေး)<br>မြန်မာ့ရုပ်ရှင်လုပ်ငန်း | - | အဖွဲ့ဝင် |
| (၁၃) | ဒေါ်ဇင်ဝါကြူ<br>ဒုတိယညွှန်ကြားရေးမှူး (သတင်းထုတ်လွှင့်)<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား | - | အဖွဲ့ဝင် |
| (၁၄) | ဒေါ်လိန်းမောင်းပန်<br>လက်ထောက်ညွှန်ကြားရေးမှူး (သတင်း/ပြင်ပ)<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား | - | တွဲဖက်အတွင်းရေးမှူး |
| (၁၅) | ဦးဇေယျာ<br>ညွှန်ကြားရေးမှူး (အသံလွှင့်)<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား | - | အတွင်းရေးမှူး |

ဖော်ပြပါ ပြန်ကြားရေးဆပ်ကော်မတီသည် ASEAN COCI ၏ အတည်ပြု ညွှန်ကြားချက်ဘောင်အောက်တွင် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ခြင်း၊ ပြန်ကြားရေးဆိုင်ရာနယ်ပယ်တွင် တိုးတက်မှုများကို ပြန်လည်သုံးသပ်ခြင်း၊ သင့်လျော်မည့်ပေါ်လစီနှင့် ဆောင်ရွက်ချက်များကို ထောက်ခံခြင်း၊ နိုင်ငံတော်အကြီးအကဲများ၊ နိုင်ငံခြားရေးဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးများနှင့် ASEAN အတွင်းရေးမှူးချုပ် (သို့မဟုတ်) COCI မှ ချမှတ်ပေးသည့် လမ်းညွှန်ချက်များကို လုပ်ငန်းလမ်းညွှန်အဖြစ် ခံယူကျင့်သုံးခြင်း၊ သက်ဆိုင်ရာနယ်ပယ်အလိုက် ချမှတ်သည့် Project များကို မျက်ခြည်မပြတ်စောင့်ကြည့်ခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ ASEAN အဖွဲ့ တိုးတက်ရန် ရည်ရွယ်ပြီး နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်ခြင်း၊ လုပ်ငန်းများ တိုးတက်ပြီးစီးမှုအခြေအနေကို COCI သို့ အစီရင်ခံခြင်း စသည့် လုပ်ငန်းများကို ဆောင်ရွက်ရန်ဖြစ်ပါသည်။

ဦးအောင်ကြည်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြန်ကြားရေးဝန်ကြီးဌာန။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက် ( ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### ပြည်သူ့လွှတ်တော်ရုံး
### အမိန့်ကြော်ငြာစာအမှတ် (၃၃/၂၀၁၃)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်
( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက် )

ပြည်သူ့လွှတ်တော်ရုံးမှ အောက်ပါ အရာထမ်း (၂၅) ဦးအား ယှဉ်တွဲဖော်ပြပါ တစ်ဆင့်မြင့်ရာထူးများသို့ အလုပ်ဝတ္တရားများ လက်ခံဆောင်ရွက်သည့်နေ့မှစ၍ အစမ်းတိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | လက်ရှိရာထူး | တိုးမြှင့်ခန့်ထားသည့်ရာထူး |
|---|---|---|---|
| ၁။ | ဒေါ်ဖြူဖြူအောင် | ဦးစီးအရာရှိ | လက်ထောက်ညွှန်ကြားရေးမှူး |
| ၂။ | ဦးစန်းအောင် | ဦးစီးအရာရှိ | လက်ထောက်ညွှန်ကြားရေးမှူး |
| ၃။ | ဒေါ်စုလှိုင်ဝင်း | ဦးစီးအရာရှိ | လက်ထောက်ညွှန်ကြားရေးမှူး |
| ၄။ | ဦးစိုင်းဝဏ္ဏထွန်း | ဦးစီးအရာရှိ | လက်ထောက်ညွှန်ကြားရေးမှူး |
| ၅။ | ဒေါ်ဝါဝါ | ဦးစီးအရာရှိ | လက်ထောက်ညွှန်ကြားရေးမှူး |
| ၆။ | ဒေါ်သီတာဖြူ | ဦးစီးအရာရှိ | လက်ထောက်ညွှန်ကြားရေးမှူး |
| ၇။ | ဦးတင်မောင်ဖော် | ဦးစီးအရာရှိ | လက်ထောက်ညွှန်ကြားရေးမှူး |
| ၈။ | ဒေါ်မိုးမိုးနိုင် | ဦးစီးအရာရှိ | လက်ထောက်ညွှန်ကြားရေးမှူး |
| ၉။ | ဒေါ်မြင့်သန္တာဦး | ဦးစီးအရာရှိ | လက်ထောက်ညွှန်ကြားရေးမှူး |
| ၁၀။ | ဦးကြည်ဝင်း | ဦးစီးအရာရှိ | လက်ထောက်ညွှန်ကြားရေးမှူး |
| ၁၁။ | ဒေါ်ဆွေဆွေမြင့် (၂) | ဦးစီးအရာရှိ | လက်ထောက်ညွှန်ကြားရေးမှူး |
| ၁၂။ | ဦးဝင်းညွန့် | ဦးစီးအရာရှိ | လက်ထောက်ညွှန်ကြားရေးမှူး |
| ၁၃။ | ဒေါ်ပပဖော် | ဦးစီးအရာရှိ | လက်ထောက်ညွှန်ကြားရေးမှူး |
| ၁၄။ | ဒေါ်နွဲ့နွဲ့ဝင်း | ဦးစီးအရာရှိ | လက်ထောက်ညွှန်ကြားရေးမှူး |
| ၁၅။ | ဒေါ်အေးအေးခိုင် (၂) | ဦးစီးအရာရှိ | လက်ထောက်ညွှန်ကြားရေးမှူး |

| စဉ် | အမည် | လက်ရှိရာထူး | တိုးမြှင့်ခန့်ထားသည့်ရာထူး |
|---|---|---|---|
| ၁၆။ | ဒေါ်ချိုချိုဝင်း | ဦးစီးအရာရှိ | လက်ထောက်ညွှန်ကြားရေးမှူး |
| ၁၇။ | ဦးဝင်းဆွေ | ဦးစီးအရာရှိ | လက်ထောက်ညွှန်ကြားရေးမှူး |
| ၁၈။ | ဦးသန်းထွန်းလေး | ဦးစီးအရာရှိ | လက်ထောက်ညွှန်ကြားရေးမှူး |
| ၁၉။ | ဒေါ်မေလုလုသော် | ဦးစီးအရာရှိ | လက်ထောက်ညွှန်ကြားရေးမှူး |
| ၂၀။ | ဒေါ်အေးအေးမာ | ဦးစီးအရာရှိ | လက်ထောက်ညွှန်ကြားရေးမှူး |
| ၂၁။ | ဒေါ်နွယ်နီဦး | ဦးစီးအရာရှိ | လက်ထောက်ညွှန်ကြားရေးမှူး |
| ၂၂။ | ဒေါ်ကြူကြူလွင် | ဦးစီးအရာရှိ | လက်ထောက်ညွှန်ကြားရေးမှူး |
| ၂၃။ | ဒေါ်စုစုမြေ | ဦးစီးအရာရှိ | လက်ထောက်ညွှန်ကြားရေးမှူး |
| ၂၄။ | ဒေါ်လှိုင်လှိုင်မြင့် | ဦးစီးအရာရှိ | လက်ထောက်ညွှန်ကြားရေးမှူး |
| ၂၅။ | ဦးစိုးနိုင် | ဦးစီးအရာရှိ | လက်ထောက်ညွှန်ကြားရေးမှူး |

## အမိန့်ကြော်ငြာစာအမှတ် (၃၄/၂၀၁၃)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်
( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက် )

၁။ ပြည်သူ့လွှတ်တော်ရုံး၏ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၂/၂၀၁၃) ကို ရည်ညွှန်း၍ အောက်ပါ အရာထမ်း (၁၃) ဦးသည် ဒုတိယညွှန်ကြားရေးမှူး တာဝန်ဝတ္တရားများကို ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့ နံနက်ပိုင်းမှစ၍ လက်ခံဆောင်ရွက်ပါသည် -

(က) ဦးလှမင်း
(ခ) ဦးတင့်လွင်သိမ်း
(ဂ) ဦးထွန်းထွန်းလင်း
(ဃ) ဦးထွဋ်အောင်
(င) ဒေါ်စန်းစန်း
(စ) ဦးအောင်မင်းသိန်း
(ဆ) ဦးအေးလွင်
(ဇ) ဒေါ်ကြူကြူ
(ဈ) ဒေါ်ဆွေဆွေမြင့် (၁)
(ည) ဦးခင်မောင်ဦး
(ဋ) ဒေါ်အေးအေးခိုင် (၁)
(ဌ) ဦးဇော်ဦး
(ဍ) ဒေါ်ခင်မာရီ

၂။ အဆိုပါအရာထမ်း (၁၃) ဦးအား ဒုတိယညွှန်ကြားရေးမှူး လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) ရာထူးတွင် ကနဦးလစာ ၁၆၀,၀၀၀/- ကို မူလအခြေခံနည်းဥပဒေအပိုဒ် ၂၂ (က) (၁) အရ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၃၅/၂၀၁၃)

၁။ ပြည်သူ့လွှတ်တော်ရုံး၏ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၃/၂၀၁၃) ကို ရည်ညွှန်း၍ အောက်ပါ အရာထမ်း (၂၅) ဦးသည် လက်ထောက်ညွှန်ကြားရေးမှူး

တာဝန်ဝတ္တရားများကို ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့ နံနက်ပိုင်းမှစ၍ လက်ခံဆောင်ရွက်ပါသည် -

(က) ဒေါ်ဖြူဖြူအောင်
(ခ) ဦးစန်းအောင်
(ဂ) ဒေါ်စုလှိုင်ဝင်း
(ဃ) ဦးစိုင်းဝဏ္ဏထွန်း
(င) ဒေါ်ဝါဝါ
(စ) ဒေါ်သီတာဖြူ
(ဆ) ဦးတင်မောင်ဇော်
(ဇ) ဒေါ်မိုးမိုးနိုင်
(ဈ) ဒေါ်မြင့်သန္တာဦး
(ည) ဦးကြည်ဝင်း
(ဋ) ဒေါ်ဆွေဆွေမြင့် (၂)
(ဌ) ဦးဝင်းညွန့်
(ဍ) ဒေါ်ပပဇော်
(ဎ) ဒေါ်နွဲ့နွဲ့ဝင်း
(ဏ) ဒေါ်အေးအေးခိုင် (၂)
(တ) ဒေါ်ချိုချိုဝင်း
(ထ) ဦးဝင်းဆွေ
(ဒ) ဦးသန်းထွန်းလေး
(ဓ) ဒေါ်မေလုလုသော်
(န) ဒေါ်အေးအေးမာ
(ပ) ဒေါ်နွယ်နီဦး
(ဖ) ဒေါ်ကြူကြူလွင်
(ဗ) ဒေါ်စုစုဌေး
(ဘ) ဒေါ်လှိုင်လှိုင်မြင့်
(မ) ဦးစိုးနိုင်

၂။ အဆိုပါအရာထမ်း (၂၅) ဦးအား လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) ရာထူးတွင် ကနဦးလစာ ၁၄၀,၀၀၀/- ကို မူလအခြေခံနည်းဥပဒေအပိုဒ် ၂၂ (က) (၁) အရ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုလိုက်သည်။

(ပုံ) တင်ဝင်းအောင်၊
ခေတ္တညွှန်ကြားရေးမှူးချုပ်၊
ပြည်သူ့လွှတ်တော်ရုံး။

## စစ်ရာထူးခန့်ချုပ်ရုံး

## (ကြည်းတပ်ဌာနခွဲ)

၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၂ ရက်

( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက် )

အမှတ် ၁၀၉/၂၀၁၃ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၃၁) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါနေ့ရက်များမှ အစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

| | | | |
|---|---|---|---|
| (၁) | ခင်မောင်ရင် | ကြည်း ၆၅၉၅၆ | ၄-၉-၂၀၁၃ |
| (၂) | အယ်လ်ခွန်နောင် | ကြည်း ၆၅၉၅၇ | ၄-၉-၂၀၁၃ |
| (၃) | ခင်မောင်ဝင်း | ကြည်း ၆၅၉၅၈ | ၆-၉-၂၀၁၃ |
| (၄) | အောင်သိန်း | ကြည်း ၆၅၉၅၉ | ၁၀-၉-၂၀၁၃ |
| (၅) | ညိုမောင် | ကြည်း ၆၅၉၆၀ | ၂၄-၉-၂၀၁၃ |
| (၆) | အောင်ဝင်း | ကြည်း ၆၅၉၆၁ | ၂၄-၉-၂၀၁၃ |
| (၇) | မောင်ရီ | ကြည်း ၆၅၉၆၂ | ၂၄-၉-၂၀၁၃ |
| (၈) | ရွှေသာအောင် | ကြည်း ၆၅၉၆၃ | ၂၄-၉-၂၀၁၃ |

## (ကြည်းတပ်ဌာနခွဲ)

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်

( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၈ ရက် )

အမှတ် ၁၁၂/၂၀၁၃ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၃၃) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှအစပြု၍ ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

(၁) ခင်မောင်ကျော် ကြည်း ၆၅၉၆၄

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်၊
စစ်ရာထူးခန့်ချုပ်၊
စစ်ရာထူးခန့်ချုပ်ရုံး။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက် ( ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

**ရွှေဝါလှိုင်းသစ် ရတနာနှင့်ကျောက်မျက်ကုမ္ပဏီလီမိတက်**

**Shwe Wah Hlaing Thit Gems & Jewellery Company Limited အား**

အပြီးသတ်ဖျက်သိမ်းနိုင်ရန်အတွက်

**နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း**

ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

ကုမ္ပဏီ၏စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြ အတည်ပြုချက်ရယူလိုပါသဖြင့် အောက်ပါအတိုင်းကျင်းပမည့် အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| ကျင်းပမည့်နေ့ရက် | - | ၁၆-၁၂-၂၀၁၃ |
| ကျင်းပမည့်အချိန် | - | နံနက် (၉း၃၀) နာရီ |
| ကျင်းပမည့်နေရာ | - | အမှတ် (၆၀၀)၊ စွမ်းစော (၃) လမ်း၊ ရွှေသမင်ရပ်ကွက်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း။ |

အစည်းအဝေးတွင် စာရင်းရှင်းလင်းရေးအရာရှိ၏ အစီရင်ခံစာရှင်းလင်းချက်များနှင့် စာရင်းရှင်းလင်း ပြီးစီးမှုများကို တင်ပြမည်ဖြစ်ပါသည်။

အစုရှယ်ယာရှင်များအားလုံး အစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားအပ်ပါသည်။

ဦးမင်းလွင်ထူး (LL.B)
အထက်တန်းရှေ့နေ (စဉ်-၂၁၉၆၂)
အမှတ် (၈၃) (ပထမထပ်)၊ ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**ဆွေဖြိုး ကုမ္ပဏီလီမိတက်**
**Swe Phyo Company Limited အား**
အပြီးသတ်ဖျက်သိမ်းနိုင်ရန်အတွက်
**နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း**
ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

ကုမ္ပဏီ၏စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြအတည်ပြုချက်ရယူလိုပါသဖြင့် အောက်ပါအတိုင်းကျင်းပမည့် အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၁၆-၁၂-၂၀၁၃
ကျင်းပမည့်အချိန် - နံနက် (၁၀း၃၀) နာရီ
ကျင်းပမည့်နေရာ - အမှတ် (၄၅၊ ဂျီ/၂)၊ တေးနုယဉ်လမ်းမကြီး၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

အစည်းအဝေးတွင် စာရင်းရှင်းလင်းရေးအရာရှိ၏ အစီရင်ခံစာရှင်းလင်းချက်များနှင့် စာရင်းရှင်းလင်းပြီးစီးမှုများကို တင်ပြမည်ဖြစ်ပါသည်။

အစုရှယ်ယာရှင်များအားလုံး အစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားအပ်ပါသည်။

ဦးမင်းလွင်ထူး (LL.B)
အထက်တန်းရှေ့နေ (စဉ်-၂၁၉၆၂)
အမှတ် (၈၃) (ပထမထပ်)၊ ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအမိန့်ကြော်ငြာစာ အပိုဒ် ၂၀၈ (င) အရ
**အများသိစေရန် ကြော်ငြာခြင်း**

**ထီးလှိုင်ငှက် ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်** အမှတ် ၆ (အက်ဖ်)၊ ဧရာဝတီလမ်း၊ ပညာဝတီရိပ်သာ၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်၏ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းအတွက် အထွေထွေအရပ်ရပ် နောက်ဆုံးအကြိမ် အစည်းအဝေးကို ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ (၁၆) ရက်နေ့တွင် ကျင်းပမည်ဖြစ်သည်။ ယင်း၏ စာရင်းရှင်းလင်းပြီးစီးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ (၁၆) ရက်နေ့နောက်ပိုင်းတွင် ကုမ္ပဏီအပေါ်တွင် ရရန်ရှိ မည်သည့်တောင်းဆိုနိုင်ခွင့်တစ်စုံတစ်ရာကိုမျှ တာဝန်ယူဖြေရှင်းပေးလိမ့်မည် မဟုတ်ပါကြောင်း ကြော်ငြာလိုက်သည်။

ဒေါ်မေစီ (B.Com, C.P.A)
ဖျက်သိမ်းရေးအရာရှိ
၄၉၊ မာလာမြိုင် (၃) လမ်း၊ အုတ်ကျင်း။
ဖုန်းနံပါတ် - ၅၂၂၆၈၄၊ ၀၉-၅၀၄၂၄၄၇၊
၀၉-၃၁၀၆၈၄၀၂

**နေလရိပ် ကုမ္ပဏီလီမိတက်**

**Nay La Yeik Company Limited အား**

အပြီးသတ်ဖျက်သိမ်းနိုင်ရန်အတွက်

**နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း**

ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

ကုမ္ပဏီ၏စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြ အတည်ပြုချက်ရယူလိုပါသဖြင့် အောက်ပါအတိုင်းကျင်းပမည့် အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| ကျင်းပမည့်နေ့ရက် | - | ၁၆-၁၂-၂၀၁၃ |
| ကျင်းပမည့်အချိန် | - | နံနက် (၁၁း၃၀) နာရီ |
| ကျင်းပမည့်နေရာ | - | အမှတ် (၄၇၀)၊ ဗဟိုလမ်း၊ (၃၅) ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့။ |

အစည်းအဝေးတွင် စာရင်းရှင်းလင်းရေးအရာရှိ၏ အစီရင်ခံစာရှင်းလင်းချက်များနှင့် စာရင်းရှင်းလင်း ပြီးစီးမှုများကို တင်ပြမည်ဖြစ်ပါသည်။

အစုရှယ်ယာရှင်များအားလုံး အစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားအပ်ပါသည်။

ဦးမင်းလွင်ထူး (LL.B)
အထက်တန်းရှေ့နေ (စဉ်-၂၁၉၆၂)
အမှတ် (၈၃) (ပထမထပ်)၊ ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**ကောင်းသာထက် ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်**

**(KAUNG THAR HTET TRADING CO., LTD.) အား**

**(အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)**

**နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း**

**ကောင်းသာထက် ရောင်းဝယ်ရေးကုမ္ပဏီလီမိတက် (KAUNG THAR HTET TRADING CO., LTD.)** ၏ နောက်ဆုံးအစည်းအဝေးကို ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ (၁၅) ရက်နေ့၊ နံနက် (၁၀း၀၀) နာရီအချိန်တွင် ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ် (၁၇၆) (ပထမထပ်) တွင် ကျင်းပပြုလုပ်မည်ဖြစ်၍ အဖွဲ့ဝင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဦးအီနုစ် (တရားလွှတ်တော်ရှေ့နေ)
YE NOOS & ASSOCIATES (Law Firm)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

# ရွှေဇလွန် ကုမ္ပဏီလီမိတက်
# SHWE ZALUN COMPANY LIMITED.
# အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ (၁၄) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **ရွှေဇလွန် ကုမ္ပဏီလီမိတက် (SHWE ZALUN CO., LTD.)** အား (၁၄-၁၁-၂၀၁၃) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးအီနုစ် (တရားလွှတ်တော်ရှေ့နေ) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း၊ ဒေါ်မိုးမိုးအေး (B.Com, Dip I.F.R, Diploma in Business Law) အား တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ (၁၆) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးအောင်စိုးသာ
Chairman
Myanmar Combiz Services Co., Ltd.

ဦးအီနုစ် (တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
YE NOOS & ASSOCIATES (Law Firm)
အမှတ်-၁၇၆ (ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၉၆၁၃၂၊ ၃၉၇၂၃၄၊ ၃၉၇၂၃၅။

ပ၊ စ၊ လ - အမှတ် ၆၆၅/၁၂/ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း/စောင်ရေ - ၂၁၀၀/၁၅-၁၁-၂၀၁၃။